ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (3-2-2004) (၄၁၃၅)

ယနေ့ထုတ်စောင်ရေ ၁၉၇၀၄၃

မာတာပိတု ဥပဋ္ဌာနံ
တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားညီနောင်သားချင်းများ နယ်ချဲ့လက်သစ်ရန်ကို တွန်းလှန်ကာကွယ်

တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားကြောင့် နှစ်ပေါင်းတစ်ရာကျော် မိမိတို့နိုင်ငံနှင့် လူမျိုးအပေါ် ခြယ်လှယ်သွေးစုပ်ခဲ့သော ကိုလိုနီနယ်ချဲ့တို့သည် လွတ်လပ်ရေးကို မပေးလိုသော်လည်း နောက်ဆုံးတွင် လွတ်လပ်ရေးကိုပေးခဲ့ရပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို လက်မလွှတ်လိုဘဲ လက်လွှတ်လိုက်ရသောကြောင့် သူတို့အပေါ် အရှည်သဖြင့် မှီခိုအားထားနေစေရန်၊ သူတို့ဩဇာညောင်းစေရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ တိုင်းရင်းသားညီနောင်သားချင်းများအကြားတွင် အမျိုးမျိုးအဖုံဖုံ သွေးခွဲမှုများကို ပြုလုပ်ခဲ့ပါသည်။ ယနေ့ထက်တိုင်လည်း နယ်ချဲ့လက်သစ်များနှင့် လက်ဝေခံများသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန် နည်းပရိယာယ်မျိုးစုံဖြင့် ကျွန်ုပ်တို့၏ ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန် ကြိုးစားနေဆဲပင်ဖြစ်ပါသည်။ ဤအခြေအနေကို ကျွန်ုပ်တို့တိုင်းရင်းသား ညီနောင်သားချင်းများက မျှော်ခေါ်သိမြင်ကာ နယ်ချဲ့လက်သစ်တို့၏ ရန်ကို တွန်းလှန်ကာကွယ်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်းအစည်းအဝေးခန်းမ၌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဘောလုံးအားကစားနှင့် အားကစားကဏ္ဍ အသီးသီး တိုးတက် မြင့်မားရေးအတွက် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

အောင်မြင်တိုးတက် ရှေ့တန်းရောက်ရှိလာသည့် အားကစားနည်းများ အရှေ့တောင်အာရှတွင် ထိပ်တန်းရောက်ရှိအောင် အာရုံစူးစိုက်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးခန်းမတွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိသူများက ဘောလုံးအားကစားအပါအဝင် အားကစားကဏ္ဍအသီးသီးတို့အတွက် အားကစားသမား ရွေးချယ်မှု၊ စခန်းသွင်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၃-၂-၂၀၀၄
(အင်္ဂါနေ့)

နိုင်ငံတော်၏ ပံ့ပိုးမှုများနှင့်အညီ လယ်မြေများ ဖော်ထုတ်စိုက်ပျိုး

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝရာသီဥတု ကောင်းမွန်၍ စိုက်ပျိုးရေးဖြစ်ထွန်းသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အတွင်း စိုက်ပျိုးနိုင်သည့် မြေလွတ်၊ မြေရိုင်းများစွာ ရှိနေသေးသည်။ သို့သော် စိုက်ပျိုးရေ အခက်အခဲကြောင့် ရာသီအလိုက် သီးနှံစုံ စိုက်ပျိုးနိုင်ခြင်း မရှိသည့်ဒေသများလည်း ရှိသည်ကိုတွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ရေသယံဇာတအရင်းအမြစ်များကို ခေတ်မီနည်းပညာများဖြင့် ဖော်ထုတ်အသုံးပြု၍ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်က ရေ၊ မြေ၊ သဘာဝကိုက်ညီသည့် ဒေသများတွင် ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးလျက် ရှိသည်။ ထို့အပြင် မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါတွင် လယ်မြေဧကနှစ်သန်းကျော်ကို အကျိုးပြုလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ ချောင်းမနက် ရေလှောင်တမံကို ဇန်နဝါရီလ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ချောင်းမနက်ရေလှောင်တမံကို တံတားဦးမြို့နယ် ကျောက်တန်းရွာ အထက်ဘက်၌ တည်ဆောက်ထားသည်။ အဆိုပါ ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်လိုက်သည့်အတွက် စိုက်ပျိုးမြေဧရိယာအသစ် ဧက ၁၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည့်အပြင် ပြုကန်၏လက်ရှိ ရေသောက်ဧရိယာဧက ၃၈၀၀ ခန့်ကို ရေလုံလောက်စွာ ပေးနိုင်စေရေး အထောက်အကူပြုမည်ဖြစ်သည်။

မန္တလေးတိုင်းသည် စပါး၊ ဝါ၊ ကြံ၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံစသော နိုင်ငံတော်၏ အဓိကသီးနှံများ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေသည့် နယ်မြေဒေသဖြစ်သည်။ ထို့အပြင် မီးဖိုဆောင်သုံး သီးနှံများကိုပါ စိုက်ပျိုးထုတ်လုပ်နေသော တိုင်းဖြစ်၍ နိုင်ငံတော်အတွက် စီးပွားရေးအရ အားကိုးအားထားရသော တိုင်းကြီးတစ်တိုင်း ဖြစ်သည်။

မန္တလေးတိုင်း၌ ယခုဖွင့်လှစ်သည့် ချောင်းမနက် ရေလှောင်တမံ အပါအဝင် ဆည်တမံပေါင်း ၄၀ကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါဆည်တမံများမှ ဆည်ရေပေးဝေပြီး စိုက်ပျိုးမြေဧက သုံးသိန်းသုံးသောင်းကျော်ကို အကျိုးပြုလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာစေရန် အဓိကလိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး အစီအမံများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

တစ်ဖက်မှလည်း သီးနှံစိုက်စွမ်းအား တိုးမြှင့်ရာတွင် စိုက်ပျိုးရေ ရရှိလာမည့်အခြေအနေ၊ ကမ္ဘာ့သီးနှံဈေးကွက် အခြေအနေတို့ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး အကျိုးဖြစ်ထွန်းမှုအရှိဆုံး သီးနှံများကို ရာသီမလပ် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ကြရန် လိုအပ်သည်။ တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် စိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများက သီးနှံစိုက်ပျိုးရေး အစီအစဉ်များရေးဆွဲခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များ ကူညီဖြည့်ဆည်း ပေးခြင်းများဖြင့် အားပေးကူညီကြရမည်ဖြစ်သည်။

မန္တလေးတိုင်းသည် အခြေခံအားဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းသော ဒေသကြီးဖြစ်ရာ စပါးအပါအဝင် နိုင်ငံတော်က သတ်မှတ်ထားသော အဓိကသီးနှံများအနက် ရေ၊ မြေ၊ ဒေသအလိုက် ဖြစ်ထွန်းနိုင်မည့် သီးနှံများကို ပိုမိုတိုးချဲ့ စိုက်ပျိုးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင် စီမံကိန်းများ၊ ဆည်အစုအဖွဲ့များကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိချိန်တွင် ဒေသအသီးသီးရှိ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများက နိုင်ငံတော်၏ ကူညီပံ့ပိုးမှုများနှင့်အညီ လယ်မြေများ ဖော်ထုတ်ပြုပြင်၍ သီးနှံစိုက်စွမ်းအား မြင့်မားလာစေရေး အားသွန်ကြိုးပမ်း စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ငွေတောင်မြေအလွမ်း

★ ငွေတောင်ဆည် ရေကြည်ဖွေးနဲ့
စိုက်ပျိုးရေး အလှဆင်။
ကယားပြည်နယ် လွိုင်ကော်မြို့
မှိုင်းညို့ပြာလွင်။
ဘီလူးချောင်းရယ်နဲ့
ထူးချောင်းတို့ ညီနောင်လျှင်
နန့်ပွန်တွင် ပေါင်းစုစည်း။
ချောင်းမြစ်တွေ သဘောညီမျှလေတော့
လောပီတ ရေတံခွန်က
ဝေသွန်ကာ အားမာန်သစ်တယ်
လျှပ်စစ်ထိန်ညီး။

★ တံခွန်တိုင် ပွဲတော်ထူးပါဘိ
တန်ခူးနဲ့ ကဆုန်တွင်။
ဖားစည်ဝယ် မောင်း ပလွေ နဲ့တွေနဲ့
တအားစည်တယ် ကောင်းမွေပွဲပေမို့
ကယားပြည်နယ်ဝယ် အပေါင်းဆွေနွဲကြရဲ့
ပွဲမြတ်သဘင်။
ယနေ့ခေတ်အခါတွင်
စုံလင်တဲ့ အလှတွေကဲ။
ပြည့်သား ဇာနည်မွန်တို့
ပြည့်ဝန်ကို ဖြည့်သွန် ထမ်းလေတော့
အေးချမ်းကာ ဘက်စုံတိုး
မိုးမြေ ခြိမ့်သဲ။

★ မြို့လွိုင်ကော် လိုက်မလားကွယ့်
ရှမ်း ကယား သွေးချင်းဆွေ
ပေါင်းစုကာနေ။
သည်မြေတစ်ဝန်းမှာဖြင့်
ကယန်းခေါ် ပဒေါင်ပျိုတဲ့
ဂေခိုနဲ့ ဂေဘား
အင်းသား ပရဲ ယင်းဘော်
ယင်းတလဲနော် ပကူး ကရင်နဲ့
စုံလင်စွာ တိုင်းရင်းသားတွေက
ရိုင်းပင်းအား အလှသစ်ဝေ
ဆုံဖူးပေ တစ်ခါက။
ပြန်မြင် တမ်းလျှင်ဖြင့်
သံလွင်ကမ်း သည်ဌာနေသို့
အလွမ်းပြေ ပန်းတွေမျှောချင်မိ
ချစ်သောမြေ နှောင်မလွဲအောင်လို့
တောင်ကွဲ စေတီဦးကိုဖြင့်
ဖူးလိုက်ချင်လှ။ ။

မြင်းမူမောင်နိုင်မိုး

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၄ မှ ၁၆–၂–၂၀၀၄
အချိန် – နံနက် (၀၉:၀၀)နာရီမှ ညနေ (၁၇:၀၀)နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း အစည်းအဝေးတက်ရန် အင်ဒိုနီးရှားသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဖေဖော်ဝါရီ ၄ရက်နှင့် ၅ရက်တို့တွင်ကျင်းပမည့် အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး ဒေသဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တွဲဖက်ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်ဝင်းမြိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဒင်ဇယ်အေဘယ်လ်တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✳ မြောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

နဝင်းကျောင်းတိုက် ထမနဲပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဥဏရပ်ကွက် ရေနံ့သာအုပ်စု နဝင်းကျောင်းတိုက်၌ နဝင်းဆရာတော်အား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၂ နာရီတွင် ခြောက်ကြိမ်မြောက် စုပေါင်းထမနဲထိုးပွဲ ကျင်းပ၍ စကြာမုနိ ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး တပို့တွဲလပြည့်နေ့ နံနက် ၉ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် စုပေါင်း ရေစက်သွန်းချ အမျှပေးဝေကာ စတုဒိသာကျွေးမွေးမည်ဖြစ်သည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သဒ္ဓါလက်လှူ ပွင့်ခက်ကြူ ကက္ကူစေတီစု

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

တောင်ကြီးမြို့နယ် ကက္ကူစေတီစုရှိ ဖောင်တော်ဆိုက်စေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ အသွားခရီးဝယ် အများဆုံးညှော်ခံကာ စကားပြောသည့် အရှင်တစ်ပါးမှာ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဥတ္တရာရုံဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အရှင်ပညာသီရိ ဖြစ်၏။ သူ့စကားတို့တွင် အထပ်ထပ်အကျော့ကျော့ ပါဝင်ခဲ့သော စကားတစ်ခွန်းမှာ ဤသို့ဖြစ်၏။ **ဒါဟာ ငြိမ်းချမ်းရေးရဲ့ အရသာပါဘုရား** တဲ့။

(ခ)

ဤအရှင်တို့သည် လွန်ခဲ့သော နှစ်၂၀ ကျော်ကာလများတုန်းက တောင်ကြီးမြို့၌ သီတင်းသုံးနေထိုင်ခဲ့ဖူးပါ၏။ ထိုစဉ်က ကက္ကူစေတီစုအကြောင်း လုံးဝဆို လုံးဝမှလုံးဝ တစ်ခွန်းတစ်ပါဒမျှ မကြားခဲ့ဖူးသည်မှာ အမှန်ဖြစ်ပါ၏။ ယခု ခရစ်နှစ် ၂၀၀၀ သည်မှာဘက်ဝယ် ကက္ကူစေတီစု ဘုန်းတော်ပွင့်လန်းလာပြီး ရုပ်သံရေ့တန်းသတင်း၊ သတင်းစာမျက်နှာဖုံးသတင်းအဖြစ် မကြာခဏ ဖူးမြင်လာရသောအခါ၊ ထို့ပြင် ရုပ်မြင်ကင်မရာဆရာတို့၏ ရိုက်ချက်လှလှများကြောင့် ထောင်ကျော်စေတီစု၏ ပါသာဒိက(ကြည်ညိုဖွယ်) မြင်ကွင်းများကို ဖူးမြင်ရသောအခါ အံ့ကြီးတစ်ပါးဖြစ်နေမိသည်မှာ အမှန်မှ အမှန်ဖြစ်ပါ၏။

ကက္ကူစေတီစုနှင့် လက်တစ်ကမ်းအတွင်း ရှိနေစဉ်တုန်းက ဘာမျှမသိခဲ့ရဘဲ ယခု ကက္ကူစေတီစုနှင့် ပို၍ဝေးဝေးရောက်နေမှ ကက္ကူ ကက္ကူဟု လက်လက်လူ တောက်ပလာခဲ့ခြင်းအတွက် ဘယ်လိုလဲ၊ ဘာကြောင့်လဲဟူ၍ စိတ်ထဲဇောပွက်လာရင်း ကြောင်းရင်းခြင်းရာတို့ကို လေ့လာသုံးသပ်ကာ စိတ်ဖြာဆုံးဖြတ်မိသည်မှာ ထိုအရှင်၏ စကားအတိုင်းဖြစ်ပါ၏။

ငြိမ်းချမ်းရေးရဲ့ အရသာ။

(ဂ)

၁၈၈၅ ခုနှစ် နိုဝင်ဘာမှစ၍ နယ်ချဲ့လက်အောက် ကျွန်သပေါက်ပြားမှောက်ခဲ့ရသော မြန်မာနိုင်ငံသည် ဒဏ်ရာဒဏ်ချက်များစွာဖြင့် အသိုက်ပျက်၊ အအုံအက်ခဲ့ရ၏။ ယင်းနှင့်အတူ ရှေးယခင် သာသနာပြု မင်းကောင်းမင်းမြတ်များ တည်ထားကိုးကွယ်ခဲ့သည့် ဗုဒ္ဓအမွေမြတ် သရီရဓာတ်တော် စေတီတော်တို့၏ အရောင်အဝါတို့သည်လည်း တိမ်မည်းထူ အဖုံးခံခဲ့ရ၏။

ထိုအချိန်မှစ၍ ဗဟိုမင်းတရားတို့၏ စော်ဘွားစော်ခံများမှတစ်ဆင့် ပြုပွားခဲ့သည့် သာသနာပြု ကုသိုလ်အထုအထည်များဖြစ်သော ရှမ်းပြည်နယ်ရှိ စေတီတော်များ၏ဘုန်းသည် ညှိုးချုံးခဲ့ရုံသာမက အချို့စေတီတော်များဆိုလျှင် ပြိုကျပျက်စီးကာ မြေပုံကြီးဖြစ်လျက်ရှိခဲ့သည်ကို မြေကြီးက ပြောပြနေလေ၏။ သည်စီးကြောင်းထဲဝယ် ကက္ကူစေတီစုများလည်း မျောပါခဲ့ရပါသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေး ပြန်လည်ရရှိခဲ့သော်လည်း အတ္တစွဲ၊ မာနစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ အစွဲဥပါဒါန် ပြင်းထန်သန်ကဲလွန်းသောကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားလျက် လက်နက်ကိုင်သောင်းကျန်းမှု ပေါ်ပေါက်လာကာ ထိုမှ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နယ်ပြီးတစ်နယ်၊ တစ်စုပြီးတစ်စု ကူးစက်သွားခဲ့လေရာ နိုင်ငံရေး၊ သာသနာပါ **သမင်မွေးရင်း ကျားစားရင်း** ဓာတ်မျောကြီး ကခဲ့ရ၍ ကသူရော၊ ကြည့်သူပါ ချာလပတ်လည်ခဲ့ရသည်မှာ သမိုင်းမှန် သက်သေဖြစ်၏။

(ဃ)

ပထမ မြန်မာနိုင်ငံတော်ကြီး၏ မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သော နရပတိစည်သူ (၅၃၆-၅၇၃) မင်းတရားသည် နိုင်ငံလွှမ်းခြုံ၍ တိုင်းခန်းလှည့်လည်ကာ ကန်ချောင်း ဆည်မြောင်းများစွာ တည်ဆောက်ခြင်း၊ ပြည့်ဝမ်းဝ ပြည့်ခါးလှဖို့ နေ့၊ ည မပြတ် ကြိုးပမ်းခြင်း၊ မျှတစွာ အခွန်ကောက်ခံ၍ မင်းမှုထမ်းတို့အား ရိက္ခာလစာ ချီးမြှောက်ခြင်းတို့ကို စနစ်တကျစီမံခြင်း၊ အတွင်းကိုယ်ရံ၊ အပြင်ကိုယ်ရံ အိပ်ဖန်စောင့်စနစ် စတင်ကျင့်သုံးခြင်းတို့အပြင် ပုဂံစူဠာမုနိစေတီ၊ ဂေါ်တော့ပလ္လင်စေတီ၊ ဓမ္မရာဇိကစေတီတော်များ၊ ရွှေတန်းဆာစေတီ(ရွှေဘို)၊ မြသိန်းတန်နှင့် စွယ်တော်စေတီ(သရက်)၊ စေတီလှဘုရား(မုံရွာ)၊ ဖော်တော်ဦးစေတီ(ကျောက်ဆည်)၊ ဇေတဝန်စေတီ(မြိတ်) စသော စေတီတော်များ၏ ဘုရားဒါယကာကြီးဖြစ်ခြင်း၊ ခေတ်ပြိုင်သီဟိုဠ်မင်း သီရိသင်္ဃာဗောဓိလက်ထက် သီဟိုဠ်သာသနာ ညစ်နွမ်းလာသဖြင့် သာသနာသန့်ရှင်းအောင် ဆောင်ရွက်နိုင်ခြင်းဟူသော လောကဓမ္မ စွမ်းရည်များကြောင့် တိုင်းပြုပြည်ပြု သာသနာပြု မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ် သမိုင်းတင် ဘုရင်တစ်ပါးဖြစ်ခဲ့၏။

တစ်ကြိမ်တွင် ရှမ်းပြည်နယ်သို့ သိင်္ဂနိုက်ဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်ရာဝယ် ဒဗက်ချောင်းသို့ ရောက်ရှိကာ ချောင်းအနီး ကုန်းပြင်ကို မြင်လျှင် စေတီတော်တည်ထားကိုးကွယ်လိုသော သဒ္ဓါဇော ပေါ်ထွန်းလာပြီး ဖောင်တော်ဆိုက်ကပ်၍ ယာယီတဲနန်းစံလျက် ဦးဆောင်လမ်းညွှန် စီမံလေ၏။ ဌာပနာတိုက်ကို သံတောင် လေးဆယ့်ငါးတောင် (သံတောင်တစ်တောင် တစ်ဆယ့်ကိုးလက်မ) အစောက်တူးစေလျက် ရတနာကျောက်မျိုး သုံးဆယ့်ခြောက်ပြည်နှင့် ဓာတ်တော်များ ဌာပနာသွင်းကာ ဒုအထု ၁၂ တောင်ရှိ ကျောက်ဖျာကြီးဖြင့် ဌာပနာတိုက်ကို လုံခြုံစွာပိတ်၍ အထက်၌ သံတောင် ခြောက်တောင် နှစ်မိုက်နှစ်သစ် ဉာဏ်တော်ရှိ စေတီတော်ကို တည်ထားပူဇော်တော်မူလေသည်။

တိုင်းခန်းလှည့်လည်စဉ် မျက်မှောက် အပြီးတည်သော စေတီဖြစ်၍ ဉာဏ်တော်မမြင့်မားသော်လည်း လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လျက် ရွှေထီးတော်တင်လှူပူဇော်ပြီးသောအချိန်တွင်မူ နရပတိစည်သူမင်းတရားစိတ်ထဲ၌ အတိုင်းထက်အလွန် ကဲဝှန်ပီတိထူး ကြည်နူးစွာ ကြည်ညိုသောသဒ္ဓါ တိုးပွားလာပြီး **ဤစေတီတော်ကား မိမိ၏အသက်(သဖွယ်မြတ်နိုးခြင်း)နှင့် ထပ်တူပင်ဖြစ်တော့သည်**ဟု ဥဒါန်းစကား ကျူးရင့်မိသည်တွင် **သက်တူစေတီ** ဟူသော ဘွဲ့နာမတော် ဖြစ်ပေါ်ခဲ့ကြောင်းဖြင့် **နရပတိစည်သူသမိုင်းပေစာ**၌ ဖော်ပြထားကြောင်း သိရှိရ၏။ (ခွန်ရာမ ရေးသားသော မွေတော်ကက္ကူဘုရားသမိုင်း စာ-၁၈)။

ထို့ပြင် ကောဇာ ၁၁၅၅ ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီး သွန်းလောင်းလှူဒါန်းခဲ့သည့် ခေါင်းလောင်းစာ၌ **ရွှေဂူဘုရား**ဟုလည်းကောင်း၊ ကောဇာ ၁၂၅၅ ခုနှစ်တွင် ဆရာတော်ကြီးများ ကြီးမှူး၍ သွန်းလောင်းလှူဒါန်းခဲ့သည့် ခေါင်းလောင်းစာ၌ **ကက္ကူမွေတော်ဘုရား**ဟုလည်းကောင်း ကမ္ပည်းတင်ခဲ့ကြကြောင်း သိရှိရ၏။ ထို့ကြောင့် **သက်တူ၊ ရွှေဂူ၊ ကက္ကူ**ဟု သုံးမည်ရစေတီစု ဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက် စော်ဘွားစော်ခံများ အဆက်ဆက် ပြုပြင်မွမ်းမံကိုးကွယ်ခဲ့ကြရာ နယ်ပယ်တစ်လွှားရှိ စေတနာရှင်များကလည်း တတ်နိုင်သူတတ်နိုင်သလို စေတီငယ်များ တစ်ဆူပြီးတစ်ဆူ တိုး၍တိုး၍ တည်ထားခဲ့ကြသဖြင့် စေတီ စုစုပေါင်းစာရင်းမှာ နယ်ချဲ့တို့ ကျူးကျော်ကျွန်ပြုခဲ့ချိန်တွင် ၂၅၄၈ ဆူဖြစ်ပြီး ယနေ့သော် ၂၄၇၈ ဆူရှိသဖြင့် အဆူ ၇၀ မှာ နယ်ချဲ့ခေတ်နှင့် လွတ်လပ်ရေးခေတ် နှစ် ၄၀ အတွင်း မြေတွင်း ငုပ်လျှိုးခဲ့ရကြောင်း ထင်ထင်ထင်းထင်း ရှင်းလင်းစွာ တွေ့မြင်ရ၏။ အကယ်၍ **တောင်သူကွမ်းညှပ် (တဖျတ်ဖျတ်)** အဆိုအရ စေတီပေါင်း ၇၆၂၃ ဆူရှိခဲ့သည်ဆိုလျှင်မူ အဆူပေါင်း ၅၁၃၆ ဆူတိတိ ပျက်စီးကွယ်ပခဲ့ရသည်ဟု နှမြောတသစွာ ဆိုရပါမည်။

(င)

၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တက်ရောက်လာပြီး သည်မှာဘက်ကာလများဝယ် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံ၏ ထာဝရသစ္စာတရားအဖြစ်လည်းကောင်း၊ ဦးတည်ချက်(၁၂)ရပ်ကို နိုင်ငံ၏ ထာဝရသုခတရားအဖြစ်လည်းကောင်း ခိုင်ကျည်စွာ ခံယူလျက် တစ်နိုင်ငံလုံးခြုံကာ အေးချမ်းသာယာလာအောင် ငြိမ်းချမ်းရေးခေတ်သစ်ကိုလည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေး ခေတ်သစ်ကိုလည်းကောင်း တည်ဖြစ်ထွန်းတောက်စေရင်း သာသနာရောင်ဝါ လင်းအောင်လည်း စိတ်ရင်းစေတနာမှန်ဖြင့် ထက်သန်စွာ ကြိုးပမ်းနေသည်နှင့်အညီ တောင်ကြီးမြို့နယ် ကက္ကူစေတီစုများသည် အခြားသော သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများနည်းတူ ထွန်းပြူပေါ်ထွက် လင်းလင်းလက်လာပါတော့၏။

၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ ငြိမ်းချမ်းရေးရယူခြင်း၊ ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၉ ရက်တွင် ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ပအိုဝ်းနီ) ငြိမ်းချမ်းရေးရယူခြင်းတို့ကြောင့် တောင်ကြီးတစ်ခရိုင်လုံး အေးချမ်းသွားခြင်းသည် ကက္ကူစေတီစု ဘုန်းတော်ပွင့်လန်းခြင်း၏ ပထမအကြောင်းရင်းကြီးဖြစ်ပြီး ထိုမှ နောက်၌ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်တို့၏ ကြိုးပမ်းမှု၊ စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာ ရွှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဗင်ရှိဖာဇော့နှင့် စင်ကာပူ ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါလင်းလက်မှု၊ သီရိလင်္ကာနိုင်ငံ အစိုးရနှင့် သံဃရာဇာတို့က သီရိလင်္ကာနိုင်ငံမှ ဓာတ်တော်များ ပင့်ဆောင်ကာ ကက္ကူစေတီစု၌ ကိုးကွယ်ထားရှိမှုတို့ကြောင့် ယခုသော် ကက္ကူစေတီစုသတင်းသည် ကမ္ဘာသို့တိုင် ချင်းဖောက်နေလေပြီ။

* ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စင်ကာပူ ရွှေကျောင်းဆရာတော်၏ အလှူတော်ငွေကျပ်သိန်း ၄၀၀ ကို သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် ပအိုဝ်းအမျိုးသားအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီထံ ပထမအကြိမ် လွှဲအပ်လှူဒါန်းခြင်း။

* ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ ကက္ကူစေတီစုသို့ ဘုရားဖူးရောက်ရှိလာခြင်း။

* ၂၀၀၁ ခုနှစ် ဇွန် ၆ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် နိကာယ်စာသင်တိုက် ပြည်လုံးချမ်းသာ သိမ်တော်ကြီးအတွင်း ဒုတိယအကြိမ် အလှူတော်ငွေ ကျပ်သိန်း ၃၂၀ ပေးအပ်လှူဒါန်းပွဲသို့ ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်၍ အလှူငွေလက်ခံကာ အလှူရှင် စင်ကာပူ ရွှေကျောင်းဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ပြီး ပအိုဝ်းအမျိုးသားအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီထံ ဆက်လက်လွှဲပြောင်းပေးအပ်ခြင်း။

* ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ ကက္ကူစေတီစုသို့ ဘုရားဖူးရောက်ရှိလာပြီး စေတီစုအတွင်း ဒုတိယအကြီးဆုံးဖြစ်သည့် ဖောင်တော်ဆိုက်စေတီတော် ပြုပြင်မွမ်းမံရန်နှင့် ရွှေထီးတော်အသစ်တင်လှူပူဇော်ရန် မှာကြားကာ မတည်ငွေလှူဒါန်းခြင်းတို့က တတိယထောင်စုနှစ်အဦးမှသည် နှစ်အဆုံး ခရစ်နှစ် ၃၀၀၀ ဟိုမှာဘက်သို့တိုင်အောင် သာသနာ၏ တေဇာ၊ မြန်မာ၏ဂုဏ်ဝါတို့ကို အလျဉ်မပြတ် ဆောင်ကြဉ်းသွားပေတော့မည်။

(စ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အမှူးထား၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မတည်အလှူတော်ငွေ၌ သဒ္ဓါထက်သန်စွာ ပါဝင်ပေါင်းစည်းကာ သဟပုညကုသိုလ်ထူး ဆည်းပူးကြသည့် စေတနာရှင်များကို ဤသို့သိရှိရ၏။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုက အလှူတော်ငွေကျပ် ၁၅ သိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကျပ် ၁၅ သိန်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ-ဒေါ်နန်းဖျူး ကျပ် ၃၅ သိန်း၊ ပတ္တမြားနဂါးကုမ္ပဏီ ဦးနေဝင်းထွန်း-ဒေါ်နန်းအေးအေးမြင့် ကျပ် ၃၅ သိန်း၊ အထူးဒေသ(၆) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ကျပ်သိန်း ၃၀ ၊ ရွှေသံလွင်ကုမ္ပဏီ ကျပ်သိန်း ၁၅၀၊ အေရှားဝေါလ်ကုမ္ပဏီလီမိတက် ကျပ်သိန်း ၁၅၀၊ ငွေဆင်ကုမ္ပဏီလီမိတက် ဦးစိုးမြင့်-ဒေါ်နန်းသန်းကြည် ကျပ်သိန်း ၁၅၀၊ ရွှေကျားပျံ ဦးဉာဏ်လင်း-ဒေါ်တင်တင်အေး ကျပ်ငါးသိန်း။

ထိုအလှူတော်ငွေများဖြင့် ကက္ကူစေတီစုအတွင်း ဒုတိယအကြီးဆုံး တည်ရှိနေသည့် ဖောင်တော်ဆိုက်စေတီကို ဘက်စုံပြုပြင်မွမ်းမံခဲ့ရာ ယခု အောင်မြင်ပြီးစီးပြီ ဖြစ်၍ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ပင့်သံဃာတော် ၁၀၈ ပါးတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သောကြောင့် ဤအရှင်တို့လည်း ပင့်စာလက်ခံရရှိခဲ့ပါသည်။

သို့ဖြင့် တာဝန်ခံပင့်ဆောင်သူ ပြည်နယ်သာသနာရေး ဒုတိယဦးစီးမှူး ဦးသန်းညွန့်နှင့်အတူ အခြားသော ပင့်သံဃာတော်များပါ တောင်ကြီးမြို့မှ ကက္ကူစေတီစုတည်ရှိရာ ကက္ကူရွာသို့ ညကျိန်းအသွားခရီးဝယ် တစ်လမ်းလုံး မြင်တွေ့နေရသည်မှာ ဖွံ့ဖြိုးတိုးတက်လာနေသော ကျေးရွာများဖြစ်၏။ တောင်ကြီးမြို့ ဆင်ခြေဖုံးမှစပြီး မိုင် ၂၀ ကျော်ခရီးတစ်လျှောက် ရွာဆက်မပြတ်သလို ရွာတိုင်းရွာတိုင်း တိုက်တာများ၊ သွပ်မိုးအိမ်ကြီးများချည်း ဖြစ်လျက်ရှိ၏။ ထို့အတူ ဂျုံစိုက်ခင်းများ၊ ကြက်သွန်စိုက်ခင်းများကလည်း စိမ်းစိုစွာ ဖြစ်ထွန်းနေ၏။ ကျေးရွာအချို့မှာ စံပြကျေးရွာများဖြစ်လျက်ရှိပြီး ဆေးပေးခန်း၊ အတန်းကျောင်း၊ စာကြည့်တိုက်များကို လမ်းပေါ်မှ လှမ်းမြင်နေရ၏။

ယင်းမြင်ကွင်းများကို မှန်လုံယာဉ်ပေါ်မှ ရှုမြင်ရင်း ရင်တွင်း မုဒိတာဖြင့် **ဒါဘာရွာလဲ၊ အရင်က ဘယ်လိုလဲ၊ ခုလိုဖြစ်လာတာ ဘယ်နှနှစ်ရှိပြီလဲ** စသည့် သိလိုဇော မေးခွန်းများကို ပြည်နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် တောင်ကြီးဥတ္တရာရုံဆရာတော်က ပြန်လည်ဖြေရင်း မှတ်ချက်ပေးသည်မှာ **ဒီရွာတွေ ခုလိုတိုးတက်လာတာ ငြိမ်းချမ်းရေးရပြီးမှပါဘုရား၊ ဒါဟာ ငြိမ်းချမ်းရေးရဲ့ အရသာပါဘုရား** ဟူ၏။ သည်လိုနှင့် ကက္ကူရွာတည်းကျောင်းသို့ နေဝင်ဖျိုးဖျအချိန်၌ ရောက်ရှိပြီး မှန်လုံယာဉ်မှ အဆင်းတွင်မူ တစ်လမ်းလုံး ငြိမ်သက်စွာလိုက်ပါလာသော တောင်ကြီး ဘုရားကြီးအနောက်ကျောင်း ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ သဓ္ဓနန(ဒီဃဘာဏက)က ဤသို့ နိဂုံးစကားပြော၏။ **ဒီအစိုးရလို ဘယ်အစိုးရမှ မဆောင်ရွက်နိုင်ဘူးဘုရား** တဲ့။

(ဆက်လက်ဖော်ပြပါမည်။)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အခေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) ပထမနှစ် (ဒဿနိကဗေဒ) (ခ) ပထမနှစ် (ဥပဒေပညာ)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၃၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း တစ်ရေးချစ်ခွင့် (အပိုင်း-၄)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သစ္စာမဏ္ဍိုင် (အပိုင်း-၇)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

● ပဲခူးတိုင်းမှ

လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကရင်ဒုံးယိမ်းအဖွဲ့ဝင်များ၊ စည်တော်အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်းအင်အား ၃၀၀၀ကျော် တက်ရောက်ကြသည်။

ကွက်လပ်မကျန်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် တွန်းအားပေးလုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်း ၁၄ခုဖြင့် တည်ဆောက်ထားသည့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတစ်ခုနှင့်တစ်ခု ဆူကြုံနိမ့်မြင့် ကွာဟချက်များ အတတ်နိုင်ဆုံး ကျဉ်းမြောင်း ကျဆင်းသွားအောင် ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်ပြီး နေ့မအား၊ ညမနား ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုသည် အရေးကြီးသည့် အခြေခံ လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း နိုင်ငံတော် အကြီးအကဲ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် အဓိကအပိုင်းအားလုံးကို ဆက်သွယ်မိစေရန် မဟာဗျူဟာ ချမှတ်ပြီး မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ရာ ၁၉၈၈–၈၉ခုနှစ်အတွင်း ကားလမ်း ၁၃၆၃၅မိုင်ရှိရာမှ ယခု ၁၈၁၁၁မိုင်ကျော်အထိ ရှိလာပြီဖြစ်၍ ၄၄၇၆မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သကဲ့သို့ ဆက်လက်ပြီးလည်း ဖောက်လုပ်နေဆဲလမ်းများ အများအပြား ရှိနေဆဲဖြစ်ကြောင်း၊ မော်တော်ကားလမ်းများ ဖောက်လုပ်ရာတွင် လိုအပ်သည့်နေရာတိုင်းတွင် မြစ်ကူးတံတားကြီးများကိုလည်း တည်ဆောက်ခဲ့ရကြောင်း၊ ယနေ့နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို အခြေခံပြီး ကြိုးစားပမ်းစားလုပ်ကိုင် ဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေ ၁၈၀အထက် တံတားကြီးပေါင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၆၆စင်း၊ မြန်မာ့မီးရထားက ခြောက်စင်း၊ တပ်မတော် အင်ဂျင်နီယာက ငါးစင်း စုစုပေါင်း ၁၇၇စင်းကို အောင်အောင်မြင်မြင် တည်ဆောက်ပေးနိုင်ခဲ့သည်ကို တိုင်းရင်းသားပြည်သူအားလုံး အသိပင် ဖြစ်ကြောင်း။

၉၆မိုင် သုံးဖာလုံ

ယနေ့ ဖွင့်လှစ်သည့် သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းသည် ပဲခူးတိုင်း(အရှေ့) ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ ပဲခူးရိုးမ တောင်ကြောကိုဖြတ်ကျော်၍ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဖောက်လုပ်ထားခြင်းဖြစ်ပြီး ခရီးမိုင်အားဖြင့် ၉၆မိုင် သုံးဖာလုံ ကွာဝေးကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တာဝန်ပေးချက်အရ သစ်တောရေးရာဝန်ကြီးဌာနက ရှိပြီးသစ်တိုက်လမ်း တစ်ကြောင်းထိုးဆက်သွယ် ဖောက်လုပ်ခဲ့သောလမ်းကို လမ်းအူကြောင်းအဖြစ် အခြေခံ၍ ပိုမိုပြေပြစ်သော အတက်အဆင်းနည်းသော ပေ ၃၀အကျယ် မြေသားလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလမ်းမကြီး၏ အရှေ့ခြမ်း သာဂရ/ဆုံရပ်အပိုင်းတွင် မိုင်တိုင်အမှတ်(၇)၌ အရှည်ပေ ၅၀၊ အကျယ် ၁၆ပေရှိ သစ်သားတံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ပေးခဲ့ရကြောင်း၊ ယင်းလမ်းသည် နိုင်ငံတော်က ဖောက်လုပ်ရန် လမ်းညွှန်စီမံထားသည့် ပဲခူးရိုးမဖြတ်ကျော် ကားလမ်းမကြီး ငါးခုဖြစ်သော အုတ်တွင်း–ပေါက်ခေါင်းလမ်း ၈၉မိုင် သုံးဖာလုံ၊ မြို့ချောင်း–စိန်ကန့်လန့်လမ်း မိုင် ၇၀ နှစ်ဖာလုံ၊ ကိုးပင်–သာဂရလမ်း ၉၆မိုင် သုံးဖာလုံ၊ လက်ပံတန်း–ဇောင်းတူ–ဘုရားကြီးလမ်း ၉၉မိုင် တစ်ဖာလုံ၊ တိုက်ကြီး–ပဲခူးလမ်း ၄၂မိုင် ငါးဖာလုံတို့အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယင်းလမ်းသည် အုတ်တွင်း–ပေါက်ခေါင်းလမ်းနှင့် မြို့ချောင်း–စိန်ကန့်လန့်လမ်းများဖွင့်ပြီးသည့်နောက် တတိယမြောက် ဖောက်လုပ်ပြီး ဖွင့်လှစ်သော လမ်းလည်းဖြစ်ကြောင်း၊ ယခု သာဂရ–ဖိုးကျားအကြား ၁၀မိုင် တစ်ဖာလုံသာ ကျောက်ခင်းလမ်းဖြစ်ပြီး ကျန်အပိုင်းများမှာ မြေသားလမ်းအဆင့်သာရှိပြီး နွေရာသီသွားလမ်းအဖြစ်သာ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကျောက်လမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဆင့်ဆင့် တစ်နှစ်ပြီး တစ်နှစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလွယ်တကူထုတ်ယူနိုင်

ပဲခူးတိုင်း သာဂရမှ မကွေးတိုင်း ကိုးပင်သို့ ယခု ဖွင့်လှစ်သည့် ပဲခူးရိုးမဖြတ်ကျော်လမ်းအတိုင်း သွားပါက ၉၆မိုင် သုံးဖာလုံသာရှိမည်ဖြစ်ကြောင်း၊ ပြည်–ရန်ကုန် ကားလမ်းမကြီးအတိုင်း ထောက်ကြန့်မှတစ်ဆင့် ရန်ကုန်–မန္တလေးလမ်းမကြီးအတိုင်း သွားမည်ဆိုပါက သာဂရမှ ကိုးပင်အထိ ၄၁၇မိုင်ခန့်ရှိသည့်အတွက် ခရီးမိုင်၃၂၀ ငါးဖာလုံခန့် သက်သာကြောင်း တွေ့ရှိရကြောင်း၊ ထို့အတူ သာဂရမှ ကိုးပင်သို့ ရန်ကုန်–မန္တလေး ကားလမ်းမကြီးအတိုင်း ပျဉ်းမနား–တောင်တွင်းကြီးမှတစ်ဆင့် သွားပါက ၁၂၇မိုင် ခုနစ်ဖာလုံခန့်ဖြစ်သည့်အတွက် ခရီးမိုင် ၃၁မိုင် လေးဖာလုံ သက်သာကြောင်း တွေ့ရကြောင်း၊ ထို့ကြောင့် ယင်းလမ်းမကြီး ဖောက်လုပ်ဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် အချိန်ကုန်သက်သာသည့်အပြင် အစစအရာရာ တိုးတက်လာပြီး ကားလမ်းကြောင်း၏ ဝဲယာတွင်ရှိသည့် ကျေးရွာများအားလုံးသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွက် တန်ဖိုးရှိသော ကျွန်းသစ်နှင့် သစ်မာများကိုလည်း ဤလမ်းမကြီးကို အသုံးပြုပြီး အလွယ်တကူ လျင်မြန်စွာ ထုတ်ယူနိုင်တော့မည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် လမ်းမကြီးကိုလည်း အရှည်တည်တံ့ ခိုင်မြဲအောင် မိမိတို့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးကို မျှော်မှန်းပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖဲကြိုးဖြတ်၍ သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်း (ကိုးပင်ဘက်ခြမ်း) ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်သို့ ရောက်ရှိကြသည်။

အချိန်တိုတို

သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်း(ကိုးပင်ဘက်ခြမ်း) ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အရှေ့နှင့်အနောက် သွယ်တန်းထားသည့် လမ်းများကို ဖောက်လုပ်လာသည်နှင့်အမျှ ဒေသတစ်ခု၏ အရှေ့ခြမ်းနှင့် ဒေသတစ်ခု၏ အနောက်ခြမ်းတို့သည် အချိန်တိုတို ခရီးနီးနီးဖြင့် အသွားအလာ လွယ်ကူတော့မည်ဖြစ်ကြောင်း၊ ယခင်ကဆိုလျှင် ပဲခူးတိုင်း အရှေ့ခြမ်းနှင့် ပဲခူးတိုင်းအနောက်ခြမ်း၊ ပဲခူးတိုင်း အရှေ့ခြမ်းနှင့် မကွေးတိုင်းတို့အကြား ဆက်သွယ် သွားလာရာတွင် ရန်ကုန်–ထောက်ကြန့်ဘက်မှဖြစ်စေ၊ မိတ္ထီလာ–သာစည်ဘက်မှဖြစ်စေ ရှည်လျားစွာ ကွေ့ပတ်သွားခဲ့ရသည့်အတွက် အချိန်ကုန် လူပန်းပြီး စရိတ်စကများစွာ ကုန်ကျခဲ့ရသည့်အပြင် ကုန်စည်စီးဆင်းမှုသည်လည်း နှောင့်နှေးကြန့်ကြာခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

တိုင်းသုံးတိုင်းဖြတ်လမ်း

ယခုဆိုလျှင် ယင်းအခက်အခဲ အတားအဆီးများကို ဖြတ်ကျော်နိုင်ရန် ရိုးမဖြတ်ကျော်လမ်းများ ဖောက်လုပ်ပေးခဲ့ကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သည့် သာဂရ–ကိုးပင် ရိုးမဖြတ်လမ်း၏ ထူးခြားမှုမှာ ပဲခူးတိုင်း၊ မကွေးတိုင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐

နိုင်ငံတော်အတွက် အဖိုးတန်ကျွန်းသစ်နှင့် သစ်မာများ အလွယ်တကူ ထုတ်ယူနိုင် ဒေသခံပြည်သူလူထု၏ လူနေမှုဘဝ ပိုမိုတိုးတက်လာမည်ဖြစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့က သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်း (ကိုးပင်ဘက်ခြမ်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

သာဂရ–ကိုးပင် ပဲခူးရိုးမ ဖြတ်ကျော်လမ်းပြ မြေပုံကို တွေ့ရစဉ်။ (သတင်းစဉ်)



ရိုးမဖြတ်ကျော်လမ်းများပြ မြေပုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး ကုလ ကျွမ်းကျင်သူ အကဲဖြတ်အဖွဲ့ အီရတ်သို့ သွားရောက်မည်

ဘရပ်ဆယ် ဇန်နဝါရီ ၃၁

အမေရိကန်သိမ်းပိုက်ထားသည့် အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲများစောစီးစွာ ကျင်းပနိုင်ရေးအလားအလာ ရက်အနည်းငယ်အတွင်း အကဲဖြတ်ရန်အတွက် ကုလသမဂ္ဂ ကျွမ်းကျင်သူများအဖွဲ့တစ်ဖွဲ့ အီရတ်နိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က သောကြာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ၏ ရှီးယားခေါင်းဆောင်က အမေရိကန်အာဏာပိုင်များအနေဖြင့် ပိုမို ရှုပ်ထွေးစေသည့် ကော်မတီများက အစိုးရတစ်ရပ် ရွေးချယ်တင်မြှောက်ရေးထက် တိုက်ရိုက်ရွေးကောက်ပွဲများ ဇူလိုင် ၁ ရက်မတိုင်မီကျင်းပကာ အီရတ်ပြည်သူလူထုအား အချုပ်အခြာအာဏာ လွှဲပြောင်းပေးရန် တောင်းဆိုခဲ့ပြီးသည့်နောက် ဖော်ပြပါအတိုင်း ကိုဖီအာနန်၏ ဆုံးဖြတ်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ရုပ်သိမ်း

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များက ကုလသမဂ္ဂ ရွေးကောက်ပွဲဆိုင်ရာ လေ့လာရေးအဖွဲ့အား ကာကွယ်စောင့်ရှောက်ရန် အာမခံချက်ပေးကြောင်း ကိုဖီအာနန်က ဘရပ်ဆယ်မြို့တွင် အလည်အပတ် ရောက်ရှိနေစဉ်အတွင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂက ၎င်း၀န်ထမ်းများ သေစေလောက်သည့် တိုက်ခိုက်မှုများခံခဲ့ရပြီးနောက် လွန်ခဲ့သည့် အောက်တိုဘာလအတွင်းက၀န်ထမ်းများကိုရုပ်သိမ်းခဲ့သည်။

ကတိပြု

မိမိတို့ ကုလသမဂ္ဂ လေ့လာရေးအဖွဲ့အား ကာကွယ်စောင့်ရှောက်မှုအစွမ်းကုန် ပြုလုပ်ရန် အမေရိကန်အပေါင်းပါတပ်များက ကတိက၀တ်ပေးခဲ့ကြောင်း၊ ယင်းကြောင့် လာမည့်ရက်အနည်းငယ်အတွင်း ၎င်းအဖွဲ့သည် အီရတ်နိုင်ငံသို့ သွားရောက်ကာ လုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အာနန်က ပြောကြားသည်။ ကုလသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာလေ့လာရေးအဖွဲ့သည် အီရတ်နိုင်ငံတစ်၀န်း ခရီးလှည့်လည်သွားရောက်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပရေးကိစ္စ ဖြစ်နိုင်၊ မဖြစ်နိုင်ကို စူးစမ်းလေ့လာရင်းဖြင့် အီရတ်နိုင်ငံတွင် ရက်သတ္တပတ်ပေါင်းများစွာ နေထိုင်မည်ဖြစ်သည်။

အင်တာနက်။

ဘဂ္ဂဒက်ရှိ ဒတ်ချ်သံရုံး ဒုံးကျည်နှစ်စင်းဖြင့် အပစ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ဒတ်ချ်(နယ်သာလန်) သံရုံးကို သောကြာနေ့ ညပိုင်းက ရော့ကက်ဒုံးကျည်နှစ်စင်းဖြင့် အပစ်ခံရသော်လည်း သံရုံးအဆောက်အအုံတွင် မည်သူမှမရှိသဖြင့် လူအသေအပျောက်မရှိပေ။

အီရတ်မြို့တော် ဘဂ္ဂဒက်အနီးတွင် ဒတ်ချ်သံရုံးအား သောကြာနေ့ညက ပေါက်ကွဲသံ မြည်ဟည်းသွားပြီး လက်နက်ငယ်များ၊ စိန်ပြောင်းသံများ ပစ်ခတ်သံတို့ ဆက်တိုက်ကြားခဲ့ရကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ ချက်ချင်းတုံ့ပြန်တိုက်ခိုက်ရေး တပ်ဖွဲ့ရောက်ရှိလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သောကြာနေ့မွန်းလွဲပိုင်း ၅ နာရီက ဒတ်ချ်သံရုံးအား ဒုံးကျည်နှစ်စင်းထိမှန်ကြောင်း၊ သံရုံးတွင် လူများမရှိကြသောကြောင့် ထိခိုက်မှုမရှိကြောင်း သည်ဟိဂ်မြို့ရှိ ဒတ်ချ်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာတီနီဒီဟန်က အတည်ပြုပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင်နယ်သာလန်(ဒတ်ချ်) အား ထင်ထင်ရှားရှား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဒတ်ချ်အစိုးရက အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား တိုက်ခိုက်သည့် စစ်ပွဲအား ထောက်ခံခဲ့သည်။ ဒတ်ချ်တပ်ဖွဲ့၀င် ၁၂၀၀ ခန့်တို့ကို အီရတ်နိုင်ငံအယ်လ်ယူသန်နာပြည်နယ်တွင် ဖြန့်ကြက်ထားရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇန်နဝါရီ၂၉ ရက်က ဘဂ္ဂဒက်မြို့ရှိ ဟိုတယ်တစ်ခုတွင် အသေခံကားဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် လက်နက်ဆိုင်ရာမေးခွန်းများ ဆက်လက်ပေါ်ပေါက်နေဆဲ

လန်ဒန် ဇန်နဝါရီ ၃၁

ဗြိတိန်နိုင်ငံတွင် လော့ဒ်ဟက်တန်၏ အစီရင်ခံစာထွက်ပေါ်လာပြီးနောက် ဗြိတိန်လက်နက်ပါရဂူ ဒေးဗစ်ကယ်လီ သေဆုံးရသည့်အကြောင်းရင်းရှင်းလင်းသွားသော်လည်း အီရတ်လက်နက်များဆိုင်ရာ မေးခွန်းများမှာ ဆက်လက်ပေါ်ပေါက်နေဆဲဖြစ်သည်။

ဝေဖန်

ဗြိတိန်လူထု အများစုအနေဖြင့် ဟက်တန်အစီရင်ခံစာသည် အစိုးရနှင့် ဘီဘီစီအကြား အငြင်းပွားမှုတွင် အစိုးရ၏ အပြစ်အနာအဆာကို ဖုံးဖိပေးလိုက်သည့် တစ်ဖက်သတ်ဆန်လွန်းသော အစီရင်ခံစာအဖြစ် ဝေဖန်ကြသည်။

မှတ်ယူ

ဗြိတိန်လက်နက်ပါရဂူ ဒေးဗစ်ကယ်လီအနေဖြင့် သေကြောင်း ကြံစည်မှုသည် အစိုးရ၏ အနေအထားကို အပြစ်လွတ်အောင် ဖော်ပြခဲ့ပြီး ဘီဘီစီတွင်သာ အပြစ်ရှိလေဟန် တစ်ဖက်သတ်ဖော်ပြခဲ့သည်ဟု အများစုက မှတ်ယူကြသည်။

ပယ်ချ

အဓိက အကြောင်းရင်းဖြစ်သည့် အီရတ် လက်နက်များဆိုင်ရာ ထောက်လှမ်းရေးဆိုင်ရာ အချက်အလက်များ မှန်၊ မမှန်ကိုမူ လော့ဒ်ဟက်တန်က ၎င်းအနေဖြင့် စစ်ဆေးရန် တာဝန်မရှိဟုဆိုကာ ပယ်ချခဲ့သည်။ ဘီဘီစီအနေဖြင့် ပြည်သူတို့၏ စိုးရိမ်ကြောင့်ကြမှုကို ဖော်ပြနိုင်ခွင့်ရှိသည်ဟု လူအများက ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။ ***စီအင်န်အင်န်။***

အစုအပြုံလိုက်သေစေသည့်အီရတ်လက်နက်ကိစ္စ ဗြိတိန်ထောက်လှမ်းရေးအကြီးအကဲကိုစစ်ဆေးမည်

လန်ဒန် ဇန်နဝါရီ ၃၁

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲမှာ အီရတ်စစ်ပွဲကို ဗြိတိန်နိုင်ငံပါဝင်တိုက်ခိုက်စေသည့် ထောက်လှမ်းရေး သတင်းအချက်အလက်များစုံစမ်းစစ်ဆေးမှုနှင့်ကြုံတွေ့လျက်ရှိသည်။

ဗြိတိန်ထောက်လှမ်းရေး (အမ်အိုင်-၆) ၏အကြီးအကဲ ဆာရစ်ချက်ဒီးယားလပ်အနေဖြင့် ပါလီမန်စုံစမ်းစစ်ဆေးရေးအဖွဲ့သစ်၏ ရှေ့မှောက်သို့လာရောက်အစစ်ခံရန် ဆင့်ဆိုမည်ဖြစ်သည်။ ထိုစုံစမ်းစစ်ဆေးရေးအဖွဲ့က ဆက်ဒမ်ဟူစိန်၏ လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များနှင့် ပတ်သက်၍ ထောက်လှမ်းရေးသတင်းအချက်များ၏ တိကျမှန်ကန်မှုကို စစ်ဆေးမည်ဖြစ်ပြီး ဇွန်လတွင် ယင်းကိစ္စကိုပြန်လည်အစီရင်ခံရမည်ဟု ယမန်နေ့ညက သိရှိရသည်။

ဒေးဗစ်ကယ်လီ၏ ဝမ်းနည်းဖွယ်အဖြစ်နှင့်စပ်လျဉ်း၍ ဘီဘီစီညွှန်ကြားရေးမှူးချုပ်မစ္စတာ ဂရက်ဒိုက် ရာထူးမှ နုတ်ထွက်သည့်နေ့တွင် စုံစမ်းစစ်ဆေးမည့်အစီအစဉ်ကိုသိရသည်။ ***အင်တာနက်။***

ကန့်ကွက် ဆန္ဒပြ

ဇန်နဝါရီ၃၀ ရက်က အီရတ်နိုင်ငံသို့ ဂျပန်တပ်ဖွဲ့ဝင်များအား စေလွှတ်မှုကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးဘားနိုင်ငံအား အမေရိကန်က ကျူးကျော်ခဲ့လျှင် တိုက်ပွဲဝင်ရင်း အသေခံသွားမည်ဟု သမ္မတ ကက်စထရို ပြောကြား

ဟာဗားနား ဇန်နဝါရီ ၃၀

အမေရိကန်ပြည်ထောင်စုက မိမိနိုင်ငံ၏ ကွန်မြူနစ်အစိုးရအား ဖြုတ်ချရန်အတွက် ကျူးဘားနိုင်ငံအား ကျူးကျော်ခဲ့ပါက မိမိအနေဖြင့် သေနတ်ကိုင်တိုက်ပွဲဝင်ရင်း အသေခံသွားမည်ဖြစ်ကြောင်း ကျူးဘား သမ္မတ ကက်စထရိုက သောကြာနေ့က အဓိဋ္ဌာန်ပြုလိုက်သည်။

မိမိ သေရမည်ကိုမမှုကြောင်း၊ အမေရိကန်တို့က မိမိတို့နိုင်ငံအား ကျူးကျော်ခဲ့ပါက တိုက်ခိုက်ရင်း မိမိအသေခံသွားမည်ဖြစ်ကြောင်း အသက် (၇၇)နှစ်ရှိသူ ကျူးဘားခေါင်းဆောင်က လွတ်လပ်စွာကုန်သွယ်မှုဆန့်ကျင်ရေး လှုပ်ရှားပြောင်းလဲသူများ၏ အစည်းအဝေးတွင် ပြောကြားသည်။ အမေရိကန် ဘုရှ်အစိုးရအနေဖြင့် ပြည်ပမှခေါင်းဆောင်များအား နှိပ်ကွပ် သုတ်သင်ရေးနှင့်ပတ်သက်သည့် ၎င်း၏မူဝါဒကို ရှင်းလင်းရန်လိုအပ်ကြောင်း ကက်စထရိုက တိုက်တွန်းပြောကြားသည်။ မိမိတို့က ပဋိပက္ခမဖြစ်လိုကြောင်း၊ သို့ရာတွင် မိမိအနေဖြင့် မူဝါဒများနှင့်ပတ်သက်၍ နည်းနည်းမျှ အလျှော့ပေးမည် မဟုတ်ကြောင်း ကက်စထရိုက မိန့်ခွန်းရှည်ကြီးတစ်ရပ် ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ကျူးဘားနိုင်ငံက ကျူးကျော်မှုအားတွန်းလှန်ရန် ပြင်ဆင်ထားပြီးဖြစ်ပြီး ထောင်ပေါင်းများစွာသော ကျူးဘားတပ်ဖွဲ့ဝင်များက မိမိ ဘီရာရာတောင်တန်းများတွင် ၁၉၅၉ ခုနှစ်က ကျင့်သုံးခဲ့သည့် ပြောက်ကျားနည်းဗျူဟာများ အသုံးပြု၍ ကျူးဘားနိုင်ငံအား ကာကွယ်သွားရန် အသင့်ရှိကြကြောင်း စသဖြင့် ကက်စထရိုက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

အီရတ်စစ်ပွဲအကျိုးဆက် ရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာပစ္စည်းများ ဆုံးရှုံးခဲ့ရ

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက် သိမ်းပိုက်မှု၏ အကျိုးဆက်တစ်ရပ်အဖြစ် ယင်းနိုင်ငံ၏ ယဉ်ကျေးမှုအရ အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာ ပစ္စည်းများ ပျောက်ဆုံးခြင်းနှင့် ပျက်စီးခြင်းတို့ ပေါ်ပေါက်ခဲ့သည်။

မြို့တော်ဘဂ္ဂဒက်ရှိ အမျိုးသားပြတိုက်၊ သဘာဝသမိုင်းပြတိုက်တို့နှင့်တကွ နိုင်ငံတစ်ဝန်း ပြတိုက်များရှိ ရှေးဟောင်းသမိုင်းဝင် အနုပညာပစ္စည်းများ စစ်ကာလအတွင်း ဆုံးရှုံးခဲ့ရသည်။ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က လျစ်လျူရှုခဲ့ခြင်းကြောင့် ရှေးဟောင်းအနုပညာပစ္စည်း ထောင်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ဝေဖန်ပြစ်တင်မှုများစွာ ပေါ်ပေါက်ခဲ့ရသည်။

အမျိုးသားပြတိုက်အတွင်း စစ်ကြောင့် ပျက်စီးနေသော ကြွေထည်၊မြေထည် ပစ္စည်းများကို တွေ့ရစဉ်။ (ဝဲပုံ)

အီရတ်စစ်ပွဲကြောင့် ရှေးဟောင်း မက်ဆိုပိုတေးမီးယားယဉ်ကျေးမှုလက်ရာပစ္စည်းများ အပါအဝင် ရှေးဟောင်းပစ္စည်း အမျိုးအမည်ပေါင်း ၁၃၀၀၀ ပျောက်ဆုံးခဲ့သော ဘဂ္ဂဒက် ပြတိုက်ကို တွေ့ရစဉ်။ (ယာအပေါ်ပုံ)



အီရတ်နိုင်ငံ ပြင်ပသို့ ခိုးထုတ်ခံခဲ့ရသော အီရတ်ရှေးဟောင်း ဓားတစ်လက်ကို တွေ့ရစဉ်။ (ယာပုံ)

စစ်ပွဲကာလအတွင်း အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အမျိုးသားပြတိုက် ပျက်စီးခဲ့ရသည်။ **(အပေါ်ပုံ)**

ဘဂ္ဂဒက်ရှိ သဘာဝသမိုင်းပြတိုက်အတွင်း ပျက်စီးမှုများကို တွေ့ရစဉ်။ **(အောက်ပုံ)**

အမေရိကန်တို့၏ ကျူးကျော်စစ်ပွဲကာလအတွင်း ပျောက်ဆုံးခဲ့ရသော အီရတ်ရတနာပစ္စည်းများ

၂၀၀၃ ခုနှစ် မတ်လ၂၀ ရက်တွင် အမေရိကန်တို့ အီရတ်ကိုကျူးကျော်ပြီးနောက်ပိုင်း အီရတ်ပြတိုက်များ လုယက်ခံခဲ့ရသည်။ ကျွမ်းကျင်သူများသည် ယခုအထိ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို အကဲဖြတ်နိုင်စွမ်းမရှိဘဲ ဖြစ်နေသည်။ လုယက်ခံရသော ရှေးဟောင်းပစ္စည်းများအနက် အဖိုးတန်ပစ္စည်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

ရုပ်ပုံ	အမျိုးအစား	ခေတ်ကာလ
	ဘုရင်မက်ခကာလန်ဒတ်၏ ရွှေခမောက်	ဘီစီ ၂၄၀၀
	ရုပ်တု	ဘီစီ ၂၅၀၀
	ကျောက်ပန်းကန်လုံး	ဘီစီ ၃၀၀၀
	ရွှေခွက်	ဘီစီ ၂၄၀၀
	ရွှေဓားမြောင်	ဘီစီ ၂၄၀၀
	အမျိုးသားရုပ်တု	ဘီစီ ၂၄၀၀
	ပန်းကန်လုံး	ဘီစီ ၃၀၀၀
	ရေကရား	ဘီစီ ၃၀၀၀
	ရုပ်တုအပေါ်ပိုင်း	ဘီစီ ၃၀၀၀
	ဆင်စွယ်ရုပ်တု	ဘီစီရှစ်ရာစု

အီရတ်ရှေးဟောင်း သုတေသနပြတိုက်အတွင်း ပျက်စီးမှု မြင်ကွင်းကို တွေ့ရစဉ်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ပြည်ထောင်စုနေ့ အကြို ဂုဏ်ပြု ဓာတ်ပုံ မှတ်တမ်း

ဇန်နဝါရီ ၂၄ ရက်က ဘားအံ တက္ကသိုလ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

ကရင်ပြည်နယ် ဘားအံမြို့နယ် မော်လမြိုင်-ဇာသပြင်-အိန္ဒူ-ဘားအံလမ်းတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် အရှည်ပေ ၂၉၀၀ ရှိ ဂျိုင်း(ဇာသပြင်) တံတားကို ဤသို့တွေ့ရသည်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍာ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
စပါးစိုက်ဧက	၃၂၆၀၇၉	၃၆၁၅၇၄
ဆည်/တမံ		
ရေလှောင်တမံ	၃	၄
မြစ်ရေတင်	-	၃
ရေထိန်းတံခါး	၁၉	၄၈
လမ်းတံတား		
လမ်းမိုင်	၃၈၆	၄၈၃
ပေ ၁၈၀ အထက်တံတား	၃	၁၄
ပေ ၁၈၀ အောက်တံတား	၆၀၂	၈၇၈
ဆက်သွယ်ရေး		
စာတိုက်	၂၇	၃၂
ကြေးနန်းရုံး	၇	၁၂
အော်တိုတယ်လီဖုန်း	၅၂၈	၃၀၀၃
လက်လှည့်တယ်လီဖုန်း	၆၆၃	၆၈၀
မိုက္ကရိုဝေ့ဗ်	၁	၃

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍာ	၁၉၈၈	၂၀၀၄
လျှပ်စစ်ဓာတ်အား		
ဒီဇယ်ဓာတ်အားပေးစက်	၇	၁၂
ပြန်ကြားရေး		
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	-	၇
ပြန်/ဆက်ရုံး	-	၇
စာကြည့်တိုက်	-	၁၀
အခြေခံပညာရေး		
အထက်တန်းကျောင်း	၂၀	၃၁
အလယ်တန်းကျောင်း	၆၅	၇၈
မူလတန်းကျောင်း	၁၀၆၄	၁၁၄၂
အဆင့်မြင့်ပညာရေး		
တက္ကသိုလ်	-	၁
ကောလိပ်	၁	၂
ကျန်းမာရေး		
ဆေးရုံ	၈	၁၀
တိုက်နယ်ဆေးရုံ	၁၃	၁၇
ကျေးလက်ကျန်းမာရေးဌာန	၄၄	၄၇
ကျေးလက်ကျန်းမာရေးဌာနခွဲ	၁၅၃	၂၀၁

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။



စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာအကြောင်း သိနားလည်မှုဆိုင်ရာ ဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အဆိုပါမိန့်ခွန်းတွင် ယခုဆိုလျှင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြေခံလုပ်ငန်းရပ်များ ပြီးပြတ်သွားသည်နှင့် လုပ်ငန်းစဉ်များကို ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကြီး အောင်မြင်စေရန်အတွက် မိမိအနေနှင့် တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း၁၇ဖွဲ့အနက် ၁၃ဖွဲ့ကို တွေ့ဆုံပြီးဖြစ်ကြောင်း၊ ကျန်အဖွဲ့များနှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပါကြောင်း၊ ထို့အပြင် တရားဥပဒေဘောင်ထဲကို မဝင်ရသေးသည့် အဓိကအုပ်စုဖြစ်သော ကရင်အမျိုးသားညီညွတ်ရေးအဖွဲ့ (ကေအင်ယူ)နှင့်လည်း စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်ရာ နိုင်ငံဖြစ်သည့်အတွက် အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ အဓိကကျလှပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အဆင့်မြင့်ဆုံး ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနှင့် ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့သည် တိုင်းရင်းသားလူမျိုးစုများအားလုံး ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးနှင့် ၎င်းတို့ မှီတင်းနေထိုင်ရာ ဒေသများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု မြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်နေပါကြောင်း၊ ယနေ့အထိ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများ မြင့်မားလာစေရေးလုပ်ငန်းများအတွက် ကျပ်ငွေ ဘီလီယံ ၅၀ကျော်နှင့် အမေရိကန်ဒေါ်လာသန်း ၅၀၀ကျော်ကို သုံးစွဲခဲ့ပြီးကြောင်းဖြင့် ပြောကြားသွားခဲ့သည်ကို ဝမ်းမြောက် ကြည်နူးဖွယ် တွေ့ရှိလိုက်ရပါသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အဆင့်အမြင့်ဆုံး ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နေရခြင်း၏ သမိုင်းကြောင်း နောက်ခံကားချပ်ကို ပြန်ကြည့်လျှင် ကိုလိုနီနယ်ချဲ့တို့ မြန်မာနိုင်ငံအား နှစ်ပေါင်း ၁၀၀ကျော် သွေးခွဲအုပ်ချုပ်သွားသည့် အမွေဆိုးကြောင့်ဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။ ကိုလိုနီနယ်ချဲ့၏ သပ်လျှိုသွေးခွဲသွားသည့် အမွေဆိုးများ ပပျောက်အောင် လုပ်ဆောင်ခဲ့ရသည့်ဖြစ်စဉ်များကို မြန်မာ့သမိုင်းတွင် အထင်အရှား တွေ့ရှိရမည်ဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့က နှစ်တစ်ရာခန့် သွေးခွဲခဲ့သော်လည်း မြန်မာတိုင်းရင်းသားတို့သည် ဘေးကပြောသည်ကို မယုံ၊ သွေးကပြောသည်ကိုသာ ယုံလေ့ရှိသည့် အစဉ်အလာအတိုင်း နိုင်ငံအတွက် အရေးကြီးလျှင် သွေးနီးပြကြမြဲ၊ စည်းလုံးညီညွတ်ပြကြမြဲ ဖြစ်သည်။ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုနှင့် ဖက်ဆစ်တော်လှန်ရေးတို့၌ တိုင်းရင်းသားစုံ ပါဝင်ခဲ့ကြသည်ကိုလည်း တွေ့နိုင်ကြပေသည်။

ဗြိတိသျှတို့က "ဒို့တစ်တွေ နှစ်ပေါင်း ၁၀၀ သွေးခွဲပေးထားတာမို့ ပင်လုံညီလာခံဆိုတာ အောင်မြင်မှာမဟုတ်ပါဘူး"ဟု အခိုင်အမာ ယုံကြည်ကာ ဒူးတန့်နှံ့ လုပ်နေချိန်မှာပင် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပကာ တောင်ပေါ်မြေပြန့်၊ ပြည်မတောင်တန်း၊ တိုင်းရင်းသားဒေသ အကုန်လွတ်လပ်ရေး အတူတူယူကြမည်ဟု သန္နိဋ္ဌာန် ခိုင်ခိုင်ချနိုင်လိုက်သောအခါ ဗြိတိသျှတို့ အသက်ရှူမှားလောက်အောင် အံ့အားသင့်ခဲ့ရသည်။ ပင်လုံစာချုပ်ကြီးကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်ကြီးများ တညီတညွတ် လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ဗြိတိသျှတို့ မူလရည်မှန်းထားသည့် ပြည်မ၏ လွတ်လပ်ရေးမျှသာမကတော့ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး၏ လွတ်လပ်ရေးကို မလွှဲမရှောင်သာ ပေးခဲ့ရသည်။ စင်စစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးသည် မြန်မာတိုင်းရင်းသားတို့က ပိုပိုသာသာ တောင်းဆိုသော လွတ်လပ်ရေးမဟုတ်၊ ၁၈၈၅ခုနှစ် နိုဝင်ဘာလက ဗြိတိသျှတို့ ကလိမ်ကကျစ်ကောက်ကျစ်မှုမျိုးစုံသုံးပြီး အဓမ္မသိမ်းပိုက်ခဲ့သော မြန်မာနိုင်ငံတော် မူလနယ်နိမိတ်အတိုင်း ပြန်လည်တောင်းဆိုရယူခဲ့ခြင်းသာ ဖြစ်သည်။

လွတ်လပ်ရေးရရှိသည့်နောက်ပိုင်း ပြည်တွင်းပယောဂ၊ ပြည်ပပယောဂ၊ နယ်ချဲ့သွေးခွဲမှုကြောင့် ဖြစ်ပေါ်လာသော သံသယ၊ ဂိုဏ်းဂဏဝါဒစွဲများဖြင့် အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြရာ ရရှိပြီးလွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီး၊ ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲလုနီးနီး လေးကြိမ်ဖြစ်ခဲ့သည်။ ထိုအခါမျိုးကြုံတိုင်း အမျိုးသားရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့ရသည်ချည်း ဖြစ်ပေသည်။

လွတ်လပ်ရေးကြိုးပမ်းစဉ်က အမျိုးသားရေးကို အတူတကွ အလေးထားခဲ့ကြသူအချို့သည် လက်ဝဲ၊ လက်ယာ အယူဝါဒအမျိုးမျိုးကို ကွဲပြားခြားနားစွာကိုင်စွဲမိကြသည်နှင့် လွတ်လပ်ရေးကို မငဲ့ကွက်၊ ပြည်သူ့မျက်နှာ မထောက်နိုင်ဘဲဖြစ်ခဲ့ကြသည်။ အချင်းချင်း တိုက်ခိုက်ခဲ့ကြသည်။ ကြားထဲမှ ထိုပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ခါးစည်းခံနေရသူ၊ အသက်ကို ဖက်နှင့်ထုပ်ပြီး ပြေးလွှားပုန်းအောင်းနေရသူမှာ တိုင်းရင်းသားပြည်သူများသာဖြစ်သည်။

ထို့ကြောင့် သူ့ကျွန်ဘဝ နှစ်တစ်ရာကျော်၊ ပြည်တွင်းစစ်ဟု လက်ဝဲ နိုင်ငံရေးသမားများ သုံးနှုန်းလေ့ရှိသော ပြည်တွင်းသောင်းကျန်းမှုက ရာစုနှစ်တစ်ခု၏ ထက်ဝက်ခန့်၏ဒဏ်ကို မခံနိုင်သော တိုင်းရင်းသားပြည်သူတို့က ငြိမ်းချမ်းရေးကို နေလိုလလို တောင့်တလာကြတော့သည်။ ဖဆပလအစိုးရလက်ထက် တောတွင်းလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကြိုးပမ်းခဲ့သည်။ မအောင်မြင်ချေ။ တော်လှန်ရေးကောင်စီလက်ထက် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ကာ တောတွင်းလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးအတွက် လာရောက်ဆွေးနွေးကြရန် ဖိတ်ကြားကမ်းလှမ်းပြန်သည်။ ၁၉၆၃ခု ဇွန်လ ၁၁ ရက် နေ့စွဲဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းခဲ့ပြန်သည်။

ထိုကမ်းလှမ်းချက်တွင် ကြိုတင်စည်းကမ်း သတ်မှတ်ချက်မျိုးမထား။ ဆွေးနွေးရန်လာသူများ၏ အသွားအပြန်သွားလာရေး၊ လုံခြုံရေးကိစ္စအဝဝ အစိုးရက တာဝန်ယူမည်ဟုလည်း ဖော်ပြထားသည်။ ထိုကမ်းလှမ်းချက်ကို လက်ခံပြီး တောတွင်းမှ ဗကပ၊ အလံနီ ကွန်မြူနစ်ပါတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ရန်ကုန်သို့ လာရောက်ဆွေးနွေးခဲ့ကြသည်။ တောတွင်းကိုယ်စားလှယ်များကို လေယာဉ်၊ သင်္ဘော၊ ရထား၊ ကားတို့ဖြင့် ကြိုပို့ပေးသည်။

ပြည်သူလူထုကလည်း ငြိမ်းချမ်းရေးရပါစေကြောင်း ဆုတောင်းဆန္ဒပြုသော ခြောက်ခရိုင် လူထုချီတက်ပွဲများ ကျင်းပသည်။ နောက်ဆုံးတွင်မူ ငြိမ်းချမ်းရေး မယူနိုင်ကြဘဲ တောတွင်းသို့ ပြန်လည်ထွက်ခွာသွားကြသည်။ ကေအာရ်စီခေါ် မုဆိုးကော်ကဆာ စောဟန်တာသာမွှေး ဦးဆောင်သော ကရင်တော်လှန်ရေးကောင်စီ တစ်ဖွဲ့တည်းသာ ငြိမ်းချမ်းရေးရင်ခွင် ပြန်ရောက်လာသည်။

ဤသည်မှာ နယ်ချဲ့တို့ နှစ်ပေါင်း ၁၀၀ကျော်တိုင် သွေးခွဲအုပ်ချုပ်ခဲ့သည့် ဒဏ်ရာဒဏ်ချက်များ အကင်းမသေသေးသည့် အခြေအနေကို ပြဆိုနေပေသည်။ တစ်နည်းဆိုရသော် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များ ဝင်နေဆဲကာလဟု ဆိုရမည်ဖြစ်သည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်အစိုးရ၏ စေတနာနှင့်လုပ်ရပ်များအပေါ် သိရှိနားလည်သဘောပေါက်လာကြသဖြင့် ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့သည် ဤသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။



…းလုံးညီညွတ်မှုမှသည် ငြိမ်းချမ်းရေးဆီသို့

…ကို ဂုဏ်ပြုဆောင်းပါး

ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)

…ပါတီနှင့် တိုင်းရင်းသား
…နှုးခဲ့ကြသည်။ တောတွင်း
…တား၊ ကားတို့ဖြင့် ကြိုပို့

…ကြောင်း ဆုတောင်းဆန္ဒပြု
…သည်။ နောက်ဆုံးတွင်မူ
…၍ထွက်ခွာသွားကြသည်။
…သာမွေး ဦးဆောင်သော
…ချမ်းရေးရင်ခွင် ပြန်ရောက်

…်တိုင် သွေးခွဲအုပ်ချုပ်ခဲ့
…ည့် အခြေအနေကို ပြဆို
…င်းချင်း သံသယစိတ်များ

ငြိမ်းချမ်းရေး အလှမ်းဝေးနေဆဲတွင် တပ်မတော်က နိုင်ငံတာဝန်ကို ၁၈–၉–၈၈ ရက်နေ့တွင် မလွှဲမရှောင်သာ ယူခဲ့ရသည်။ ဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှု၊ ပြည်သူတို့ စားဝတ်နေရေးအတွက် အသက်မွေးလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်စေမှုတို့ကို အလေးပေးဆောင်ရွက်သည်။ တစ်ဖက်တွင် လမ်း၊ တံတား၊ ဆည်မြောင်း တာတမံ၊ ကျောင်း၊ ဆေးရုံဆေးခန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စက်မှုလုပ်ငန်း၊ စက်မှုလယ်ယာစသည့် တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်လုပ်ဆောင်ခဲ့သည်။

ခေတ်အဆက်ဆက် ဖွံ့ဖြိုးရေး အလှမ်းဝေး နောက်ကျကျန်ရစ်သော နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပြည်နယ်၊ တိုင်း၊ မြို့ပြ၊ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးဝါယမစိုက်ထုတ် လုပ်ဆောင်ခဲ့သည်။ ဤတွင် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၊ မိမိတို့ တိုင်းရင်းသားလူမျိုးများ ကောင်းစားစေလို၍ လက်နက်စွဲကိုင်တိုက်ခိုက်နေသည့် တိုင်းရင်းသား တောတွင်းလက်နက်ကိုင် အဖွဲ့များ နိုင်ငံတော်၏ စေတနာကို သဘောပေါက်လာသည်။ မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုး ကောင်းစားစေရန် လက်နက်ကိုင် အဖျက်နည်းဖြင့် လုပ်၍မရနိုင်၊ လုပ်အားပြိုင် အပြုနည်းဖြင့်သာ ရနိုင်မည်ဟု ယုံကြည်ကာ ငြိမ်းချမ်းရေးဘက် မျက်နှာမူလာကြသည်။

ထိုစဉ်က အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်တိုင် တိုင်းရင်းသားဒေသများသို့ သွားရောက်ကာ ငြိမ်းချမ်းရေးဆွေးနွေးမှု တံခါးများကို တစ်ချပ်ပြီးတစ်ချပ် ဖွင့်လှစ်ပေးခဲ့သည်။ ဤသို့ဖြင့် ၁၉၈၉ ခုနှစ်မှစတင်ကာ ၁၉၉၇ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ ထိုအချိန်များမှစပြီး ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းလုံခြုံလာသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်ယှက်တူပြိုင် ဆောင်ရွက်လာကြသည်။

ယင်း ၁၇ဖွဲ့၏ စာရင်းကို တင်ပြပါမည်။

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၁)၊ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဥပဒေဘောင်အတွင်း ဝင်ရောက်သည့် ရက်စွဲ ၃၁–၃–၈၉၊ လောက်ကိုင်။

၂။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၂)၊ ဦးကျောက်ညီလိုင်း၊ ဦးပေါက်ယူချန်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့် ရက်စွဲ ၉–၅–၈၉၊ ပန်ဆန်း။

၃။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၃)၊ ဦးလွယ်မောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၂၄–၉–၈၉၊ စိန်ကျော့။

၄။ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)၊ ဦးစိုင်းလင်း၊ ဦးစံပေ့၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၃၀–၆–၈၉၊ မိုင်းလား။

၅။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅)၊ ဦးမထုနော်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၁၁–၁–၉၁၊ ကောင်းခါး။

၆။ ရှမ်းပြည်နယ်တောင်ပိုင်း အထူးဒေသ(၆)၊ ဦးအောင်ခမ်းထီ၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၁၈–၂–၉၁၊ ကျောက်တစ်လုံး။

၇။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၇)၊ ဦးအိုက်မုန်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၂၁–၄–၉၁၊ နမ္မတူ။

၈။ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ဦးစခုန်တိန့်ယိန်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၁၅–၁၂–၈၉၊ ပန်ဝါ။

၉။ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ဦးလမုန်တူးဂျိုင်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၂၄–၂–၉၄၊ လိုင်စင်။

၁၀။ ကယားပြည်နယ် အထူးဒေသ(၁)၊ ဦးငွေကို၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၂၇–၂–၉၂၊ မိုးဗြဲ၊ ဖယ်ခုံ။

၁၁။ ကယားပြည်နယ် အထူးဒေသ(၂)၊ ဦးစန္ဒာ၊ ဦးထွန်းကျော်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၉–၅–၉၄၊ ဟိုယာ၊ ဘီယာ။

၁၂။ ကယားပြည်နယ် အထူးဒေသ(၃)၊ ဦးရွှေအေး၊ ဦးသန်းစိုးနိုင်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၂၆–၇–၉၄၊ ပြင်ဆောင်။

၁၃။ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၊ ဦးတာကလယ်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၉–၁၀–၉၄၊ နောင်ထော်။

၁၄။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ဦးအောင်သန်းလေး၊ ဦးခူထဲဘူးဖဲ၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၂၁–၃–၉၅၊ ဒေါတမကြီး၊ ထိပိုးကလို။

၁၅။ မွန်ပြည်သစ်ပါတီ၊ ဦးနိုင်ထင်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၂၉–၆–၉၅၊ ရေးချောင်းဖျား။

၁၆။ ရှမ်းပြည်တပ်မတော်၊ ဦးခွန်ဆာ၊ ဦးကျန်ဆုရှင်၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၅–၁–၉၆၊ ဟိုမိန်း၊ လွယ်လန်း။

၁၇။ ဗကပ(ရခိုင်ပြည်နယ်)အဖွဲ့၊ ဦးစောထွန်းဦး၊ ဥပဒေဘောင်အတွင်းဝင်ရောက်သည့်ရက်စွဲ ၆–၄–၉၇၊ ဘူးသီးတောင်၊ မောင်တောတို့ ဖြစ်ပါသည်။

ထို့ပြင် တစ်ဦးချင်း၊ တစ်စုချင်း ငြိမ်းချမ်းရေးရင်ခွင်သို့ ပြန်လည်ဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များလည်း အများအပြားရှိသည်။ ဤသည်မှာ ပြည်ထောင်စုကြီး ငြိမ်းချမ်းလာခြင်းဖြစ်သည်။ ဤသည်ပင်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်အားပြည့်ကြံ့ခိုင်လာခြင်းဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ ငြိမ်းချမ်းရေးဆန္ဒ ပြည့်ဝလာခြင်းပင်ဖြစ်သည်။ တိုင်းရင်းသား စည်းလုံးရေးနှင့် ငြိမ်းချမ်းရေး ပြည့်ဝလာခြင်းသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်မည့် အတိတ်နိမိတ်ပင် ဖြစ်ပေသည်။

ယနေ့ကာလကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်များ ရင့်ကျက်ခိုင်မာလာချိန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ချိန်တွင် ထပ်မံသွေးထိုးသပ်လျှို ဖြိုခွဲလာမည့် ကိုလိုနီနယ်ချဲ့လက်သစ်များ၏ လုပ်ရပ်ကို မမှိတ်သောမျက်စိ၊ မပြတ်သောသတိဖြင့် တွန်းလှန်ဖယ်ရှားကြရမည်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် မှီတင်းနေထိုင်ရာ နိုင်ငံဖြစ်ရာ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးမှာ အဓိကကျလှသည်။ ထို့ကြောင့် အစိုးရသည် အမျိုးသားစည်းလုံး ညီညွတ်ရေးကို အဆင့်မြင့်ဆုံး ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများအားလုံး ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးနှင့် ၎င်းတို့ မှီတင်းနေထိုင်ရာ ဒေသများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု မြင့်မားရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ယနေ့အထိ နိုင်ငံတော်အစိုးရသည် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းများ မြင့်မားလာစေရေးလုပ်ငန်းများအတွက် ကျပ်ငွေ ဘီလီယံ ၅၀ကျော်နှင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ကျော်ကို သုံးစွဲခဲ့ပြီးဖြစ်သည်။

နိုင်ငံတော် အစိုးရ၏ စေတနာနှင့် သဘောထားများအပေါ် သိရှိနားလည်သဘောပေါက်လာကြသဖြင့် အမ်တီအေတပ်ဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြရာ ဒေသခံပြည်သူများက ဤသို့ ကြိုဆိုခဲ့ကြသည်။

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မော်ဘီမြို့နယ် မြောင်းတကာကျေးရွာ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်အဖွဲ့ချုပ်နာယက သာကေတမြို့ အောင်စကြာမိုးကုတ်ရိပ်သာကြီး၏ နယ်လှည့်ဓမ္မကထိက ဦးစန္ဒာသီရိ အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မြန်မာနိုင်ငံအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံမှ ရွေးချယ်ထားသည့် အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စံချိန်မီဘောလုံးလေ့ကျင့်ကွင်းများ တိုးတက်ဖော်ထုတ်ဆောက်လုပ် အားကစားကွင်းများ အဆင့်မြှင့်မွမ်းမံရေး စီမံချက်ချမှတ်ဆောင်ရွက်

○ ရှေ့ဖုံးမှ

လေ့ကျင့်မှု စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အမျိုးသားအားကစားဟုဆိုရမည့် ဘောလုံးအားကစားနည်းအပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်နိုင်မှုရရှိနေပြီဖြစ်သည့် အားကစားနည်းများ အရှေ့တောင်အာရှတွင် ထိပ်တန်းရောက်ရှိစေရအောင် ပြုပြင်ပြင်ဆင်ဆောင်ရွက်ဖွယ်များကို မှာကြားနိုင်ရေးအတွက် အားကစားဝန်ကြီးဌာန ဝန်ကြီးအပါအဝင် အားကစားကဏ္ဍမှ တာဝန်ရှိသူများကို ယနေ့ တွေ့ဆုံမှာကြားရခြင်းဖြစ်ကြောင်း။

ထိပ်တန်းရောက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိရာ၌ ဘောလုံးအားကစားနည်းအပါအဝင် အောင်မြင်တိုးတက် ရှေ့တန်းရောက်ရှိလာသည့် အားကစားနည်းများကို အရှေ့တောင်အာရှတွင် ထိပ်တန်းရောက်ရှိစေရအောင် အာရုံစူးစိုက်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ဘောလုံးအားကစားနည်းတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများအနေဖြင့် အမျိုးသားဘောလုံးအသင်းတွင် အသက်(၁၆)နှစ်အောက်၊ အသက်(၁၈)နှစ်အောက်၊ အသက်(၂၀)အောက်နှင့် အသက်(၂၃)နှစ်အောက် အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းများအပြင် အမျိုးသမီးဘောလုံးလက်ရွေးစင်အသင်းသည်လည်း အောင်မြင်မှုများရရှိဖြစ်ထွန်းလျက်ရှိရာမှ ယခုအခါတွင် အောင်နိုင်မှုများတန့်နေသည့်အခြေအနေရှိနေသဖြင့် အောင်နိုင်မှုများ ပြန်လည်ရရှိပြီး ထိပ်တန်းရောက်သည်အထိ ဆက်လက်တိုးမြှင့်နိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ဖွယ်ရာများကို ပြုပြင်သွားကြရမှာဖြစ်ကြောင်း။

သွေးသစ်လောင်းခဲ့

ယခုအချိန်အခါတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကို သွေးသစ်လောင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ ဘောလုံးလက်ရွေးစင်အားကစားသမားများ ရွေးချယ်လေ့ကျင့်ပျိုးထောင်မှုများကို စနစ်တကျမြှင့်တင်ဆောင်ရွက် သွားကြရမှာဖြစ်ကြောင်း။

စနစ်တကျလေ့ကျင့်နိုင်ရေးအတွက် စံချိန်မီ ဘောလုံးလေ့ကျင့်ကွင်းများ တိုးတက်ဖော်ထုတ် ဆောက်လုပ်သွားရေးနှင့် ရှိပြီးအားကစားကွင်းများကို အဆင့်မြှင့်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်သွားရေးတို့အတွက် စီမံချက်များချမှတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူပင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတိုင်းတွင် အဆင့်အတန်းပြည့်မီပြီး စွမ်းဆောင်ရည်မြင့်မားသည့် နည်းပြများ၊ နည်းစနစ်မှူးများ ပြည့်စုံလုံလောက်အောင် တာဝန်ပေးအပ် လေ့ကျင့်ပေးသွားကြရမှာဖြစ်ကြောင်း။

မြန်မာ့လက်ရွေးစင်ဘောလုံး အားကစားသမားများ ရွေးချယ်ရာ၌လည်း မှန်ကန်တည့်မတ်စွာ ရွေးချယ်နိုင်ရေးအတွက် တစ်ဦးတစ်ယောက်တည်း၏ သဘောဖြင့် မဟုတ်စေဘဲ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တိုင်ပင်ညှိနှိုင်းရွေးချယ်ကြရန် မှာကြားလိုကြောင်း။

စနစ်တကျလေ့ကျင့်

အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ရာ၌လည်း ကျန်းမာရေးနှင့် ညီညွတ်ရေး၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းရေး၊ စိတ်ဓာတ်ရေးရာမြင့်မားခိုင်ကျည်ရေးတို့အတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးကြရမှာ ဖြစ်ကြောင်း။

စခန်းသွင်းလေ့ကျင့်ရာ၌ အဆင့်အတန်း မြင့်မြင့်မားမားဖြင့် နေထိုင်စားသောက်နိုင်ရေး၊ အာဟာရပြည့်ဝသည့် အင်အားဖြည့်ရိက္ခာများကို ဆရာဝန်၏ ကြပ်မတ်မှုဖြင့် ပြည့်ဝစွာ စားသုံးနိုင်ရေး၊ အားကစားသမား တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေကို ပုံမှန်စစ်ဆေးပြီး စနစ်တကျ မှတ်တမ်းတင်ထားနိုင်ရေးတို့အတွက် တာဝန်ရှိသူအသီးသီးက အနီးကပ်စစ်ဆေးကြပ်မတ်သွားကြဖို့ မှာကြားလိုကြောင်း။

အားကစားသမားများအား အာဟာရပြည့်မီသည့် အင်အားပြည့် အစားအစာများ ပြည့်ပြည့်ဝဝ ကျွေးမွေးနိုင်ရေးအတွက် လက်ရှိသုံးစွဲနေသည့် ဘဏ္ဍာငွေ ပမာဏထက် တိုးမြှင့်သုံးစွဲနိုင်စေရအောင် နိုင်ငံတော် အပိုင်းက လိုအပ်သည်များ ပံ့ပိုးပေးမှု၊ ညှိနှိုင်းပေါင်းစပ်ပေးမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

အားကစားဝတ်စုံများ၊ ခေတ်မီလေ့ကျင့်ရေးနှင့် အားကစားပစ္စည်းများ စသည့် အားကစားသမားတစ်ဦးချင်း၏ လိုအပ်ချက်များကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်းစီမံပေးသွားရမှာဖြစ်ကြောင်း။

အားကစားသမားများ နေထိုင်စားသောက်လေ့ကျင့်မှု အဆင့်အတန်း စနစ်ကျနမြင့်မားစေရေး၊ အားကစားအသင်းတိုင်းတွင် အနီးကပ်ကျန်းမာရေး စောင့်ရှောက်ပေးမည့် ဆရာဝန်ရှိစေရေး၊ နည်းစနစ်မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်နိုင်ရေးတို့အတွက် တာဝန်ရှိသူအသီးသီးက အနီးကပ်ကြပ်မတ်စစ်ဆေးပြီး လိုအပ်ချက်များ၊ ပြုပြင်ဖွယ်ရာများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

အနီးကပ်ကြီးကြပ်

အခြားသော အားကစားနည်းများတွင်လည်း ဘောလုံးအားကစားနည်းနှင့် အလားတူ ယခုမှာကြားခဲ့သည့် အားကစားမြှင့်တင်ရေးအတွက် စီမံဆောင်ရွက်ဖွယ်များကို တာဝန်ရှိသူအသီးသီးက စနစ်တကျ စီမံချက်များချမှတ်ပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သုဝဏ္ဏအားကစားဝင်းအတွင်းရှိ ယူ(၁၇)နှင့် ယူ(၁၈)အမျိုးသားလူငယ်ဘောလုံးအသင်းအား ထားရှိသည့် အိပ်ဆောင်အမှတ်(၁)၊ အားကစားသမားများ စားရိပ်သာနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအားကစားသမားများ အိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားနည်းချက်များကိုပြုပြင်ရန် မှာကြားပြီး အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံသို့ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘောလုံး လေ့ကျင့်ကွင်းများဖော်ထုတ်နိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုပြီး ဘောလုံးကွင်းအသစ်များ ဖော်ထုတ်သွားရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အားကစားသိပ္ပံမှ ရွေးချယ်ထားသော အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်တောကျောင်း (၃၈)ကြိမ်မြောက် ကျောင်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း (၃၈)ကြိမ်မြောက် ကျောင်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်းစစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊အကြံပေးပုဂ္ဂိုလ်များ၊သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က လက်တွေ့လုပ်ငန်း ထူးချွန်ဆုရ ကျောင်းသားအမှတ်(၃) ဝေဠုထွန်း၊ သစ်ထုတ်ရေး ဘာသာရပ် ထူးချွန်ဆုရကျောင်းသားအမှတ်(၆၇) ချမ်းအေးနှင့် အားကစားထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၂၂)ရဲဝင်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းဆင်း အောင်လက်မှတ် ပေးအပ်ပွဲကို သစ်တောကျောင်းခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ဘာသာရပ်အလိုက် ထူးချွန်ဆုရ ကျောင်းသားများအားလည်းကောင်း၊ညွှန်ကြား ရေးမှူးချုပ်များက သင်တန်းအလိုက် ထူးချွန်ဆုရရှိသူများအားလည်းကောင်း ဆုများ အသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၆၂ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်နှစ်ခွဲ ဖြစ်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃၁ရက်က ဒဂုံမြို့နယ် အလက(၂)တွင် ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်က ဆဋ္ဌမတန်း၌ ပထမရရှိသော မောင်ရဲဘုန်းသော်အား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

■ **ရောဝတီမှ**

(သုဝဏ္ဏကွင်း)

ကရင်ပြည်နယ် သုံးဂိုး။

(ဇော်မြင့်ဌေး၊ ကျော်ထင်ဦးနှင့် အောင်စိုးလင်း တစ်ဂိုးစီ)

ရောဝတီတိုင်း တစ်ဂိုး။

(နန္ဒဇော်)

အကောင်းဆုံးဆု-မင်းမင်းဦး(ဂိုး) (ကရင်ပြည်နယ်)

(အောင်ဆန်းကွင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) နှစ်ဂိုး။

ပဲခူးတိုင်း နှစ်ဂိုး။

(ကက)အုပ်စုပွဲစဉ်များ ပြီးစီးသွားပြီဖြစ်ရာ ရောဝတီတိုင်းနှင့် ကရင်ပြည်နယ်တို့ နှစ်ပွဲစီနိုင်၊ တစ်ပွဲစီရှုံးဖြင့် ခြောက်မှတ်စီ ရရှိကြသော်လည်း ရောဝတီတိုင်းက ဂိုးအရေအတွက်သာသဖြင့် အုပ်စုပထမရပြီး ကရင်ပြည်နယ်က အုပ်စုဒုတိယရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းနှင့် ပဲခူးတိုင်းအသင်းတို့ အုပ်စုမှ ထွက်ရပြီဖြစ်သည်။

(ကြေးမုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထွေထွေသုံး စုဝေးခန်းမ တည်ဆောက်ရေးလုပ်ငန်း စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံး စုဝေးခန်းမကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထွေထွေသုံး စုဝေးခန်းမကြီး တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် လုပ်ငန်းခွင် ရှင်းလင်းခန်းမတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ဌာနမှူး ဦးဇော်ဝင်းတို့က အထွေထွေသုံး စုဝေးခန်းမကြီး တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ စုဝေးခန်းမတွင် လျှပ်စစ်မီးနှင့် အသံဘက်ဆိုင်ရာလုပ်ငန်းများ တပ်ဆင်မည့်အစီအစဉ်၊ မြေယာရှုခင်း ပြုပြင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

အချိန်စောပြီးစီးရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အထွေထွေသုံး စုဝေးခန်းမကြီး အမြန်အသုံးချနိုင်ရေးအတွက် တည်ဆောက်မှုလုပ်ငန်းများကို အချိန်စောပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး အထွေထွေသုံး စုဝေးခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံး စုဝေးခန်းမကြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံး စုဝေးခန်းမကြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဥက္ကံဘိုးဘွားရိပ်သာ ရတနာအုတ်မြစ်စီ

ရန်ကုန် ဖေဖော်ဝါရီ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဇန်နဝါရီ ၂၃ရက်က ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက်တွင် အသစ်တည်ဆောက်မည့် "ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာ" ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား တက်ရောက်၍ ရတနာငွေကြုတ် ထည့်သွင်းပေးသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဦးသန်းဦး (Sunfar Co, Ltd) နှင့် မိသားစု၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းနှင့် အဖွဲ့ဝင်များ၊ မြေအလှူရှင် ဦးအောင်မျိုးဇော်၊ ဒေါက်တာ သန္တာထွန်း(အောင်ဆေးခန်း)တို့ တက်ရောက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ နတ်သားတောရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၂၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၃၀ ၈။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၉။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်းသိကောင်းစရာ (အပိုင်း-၂)
- ၅:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success in Soccer.
- ၇:၁၀ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၇:၂၀ ၁၅။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၃၀ ၁၆။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၀ ၁၇။ **ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ တိုးတက်ဝေစည် ကန္တရဝတီ ငွေတောင်ပြည်**
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ တုံ့မယူလို (အပိုင်း-၂၂)**
- ၂၂။ Calcio Serie A Highlight.
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

နှမ်းမနဲ့စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပသော နှမ်းမနဲ့စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ရက် ညနေ ၃နာရီတွင် ရွှေဘုန်းပွင့် ဓမ္မာရုံသစ်၌ကျင်းပမည်ဖြစ်ရာ နှမ်းမနဲ့ထိုးပွဲကို ယနေ့မှစတင်၍ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ကုသိုလ်ယူဆောင်ရွက်လျက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့်အဖွဲ့ ဇန်နဝါရီ ၂၄ ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဓာတုကလျာ ပန်းခြံအတွင်း မြေခင်းအလှ ပြုပြင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၄ရက်က မြန်မာ့မီးရထားရုံးချုပ် မြေညီထပ် အစည်းအဝေးခန်းမတွင်ကျင်းပရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမင်းဆွေက အသင်းရန်ပုံငွေအတွက် ငွေကျပ် ၂၅သိန်းကို အသင်းဥက္ကဋ္ဌ ဦးသန်းအောင်သို့ လှူဒါန်းစဉ်။ (က-ပ)

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းဖြတ်မြို့ တပ်နယ်ခန်းမတွင် မိုင်းဖြတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

✻ အတွင်းရေးမှူး(၂)မှ

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)၊ ဗဟိုစည်းရုံးရေးကော်မတီဝင် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၁ နာရီတွင် ဇေရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ သဇင်ရေကျော်ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိလာရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ စခန်းတာဝန်ခံအရာရှိ ဗိုလ်မှူးလျှန်ခန့်ကျင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့အား သဇင်ရေကျော်ငါးမွေးမြူရေးစခန်း တာဝန်ခံအရာရှိ ဗိုလ်မှူးလျှန်ခန့်ကျင်က ငါးမွေးမြူထားရှိမှု၊ ဖြန့်ဖြူးရောင်းချရန် ငါးဖော်ယူပြီးစီးမှု၊ စခန်းအတွင်း ကုန်ထုတ်လမ်းဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ငါးမွေးမြူရေး ကန်အမှတ် C-7 ၌ ငါးဖော်ယူမှုလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စေတနာထား

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် မီးသွေးချောင်းကွင်း၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဧက ၁၀၀၀ ငါးမွေးမြူရေးစီမံကိန်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံအရာရှိ ဗိုလ်မှူးအောင်မင်းက ငါးကန်များတူးဖော် မွေးမြူထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂)က မိမိတို့အသင်း အဖွဲ့အကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးတို့အတွက် စေတနာထား၍ ကြိုးကြိုးစားစား ဆောင်ရွက်သွားရန် မှာကြားသည်။

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ငါးမွေးမြူရေးစခန်းမှ ရန်ကုန်မြို့နေ ပြည်သူများအတွက် ငါးပိဿာချိန် သုံးသိန်းကျော် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဝါဝါဝင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ညောင်တုန်းကျွန်းရေနက်ကွင်း လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးရွှေကြိုင်နှင့် စီမံကိန်းမန်နေဂျာ ဒေါ်စန်းစန်းမြင့်တို့က လယ်ယာမြေ ဖော်ထုတ်ပြီးစီးမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဈေးနှုန်းသက်သာစွာ

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လျာထားချက်အတိုင်း ပြည့်မီရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုမ္ပဏီ၏အကျိုးစီးပွားအတွက်သာမက ပြည်သူများအား ဈေးနှုန်းသက်သာစွာ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ရေးရှု၍ စေတနာထား ထုတ်လုပ်ဖြန့်ဖြူးကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညောင်တုန်းကျွန်းရေနက်ကွင်း လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းတွင် ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်အနေဖြင့် ရေနက်ကွင်းဧက ၁၀၀၀၀ကျော် ရှိသည့်အနက် လယ်ဧက ၅၀၀၊ ငါးမွေးမြူရေးလုပ်ငန်းဧက ၅၀၀၀ကို ဖော်ထုတ်၍ လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမြေနှင့်ငါးကန်များ ဆက်လက်တိုးချဲ့ဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စီမံကိန်းလုပ်ငန်း၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ညောင်တုန်း ရေနက်ကွင်း၌ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှု၊ ငါးမွေးမြူရေးကန်များ အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံလေယာဉ်ကွင်း ပြေးလမ်းတိုးချဲ့တည်ဆောက်ရေးစီမံကိန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်တို့ လိုက်ပါလျက် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ကျိုင်းတုံလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်း ဆောက်လုပ်ရေးအထူးအဖွဲ့ (၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကျိုင်းတုံ လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ရေး၊ စီမံကိန်းရည်မှန်းချက်များ သတ်မှတ်ချိန်ထက်စော၍ ပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လေယာဉ်ပြေးလမ်းကို သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် တည်ဆောက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်း လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျိုင်းတုံလေယာဉ်ကွင်းသည် ယခင်ပြေးလမ်း အလျားပေ ၄၇၀၀၊ အကျယ်ပေ ၅၀ရှိပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ ဆက်လက်တိုးချဲ့ ဖောက်လုပ်ခဲ့ရာ ယခုအခါ အလျားပေ ၇၇၀၀၊ အကျယ် ၇၅ ပေအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး အလေးချိန် ၆၂တန်ရှိ လေယာဉ်ကြီးများ ဆင်းသက်နိုင်စေရန် လေယာဉ်ပြေးလမ်းကို အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၅၀အထိ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မော်တော်ယာဉ်ဖြင့် ကျိုင်းတုံ-တာချီလိတ်လမ်း တစ်လျှောက် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဖြတ်မြို့သို့ ရောက်ရှိကြရာ မိုင်းဖြတ်မြို့ တပ်နယ်ခန်းမ၌ မိုင်းဖြတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံပြီး နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးမှု အခြေအနေ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဝန်ထမ်းမိသားစုအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားကာ ကျိုင်းတုံတပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး စာသင်ခန်းမများနှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကျိုင်းတုံမြို့ အစိုးရကွန်ပျူတာကောလိပ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ကောလိပ် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ အစိုးရကွန်ပျူတာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်စန္ဒီဗိုလ်နှင့် နောင်တုံဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ခံ ဦးစိုင်းတစ်အောင်တို့က ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ပူဇော်ပွဲအကြို ဓမ္မပူဇာ တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကျေးဇူးတော်ရှင် အဘိဓဇ မဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ တွဲဖက်ရွှေကျင်သာသနာပိုင်၊ ကျမ်းပြုအကျော် သပြေကန် ဆရာတော်ကြီး ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ပျံလွန်တော်မူသည့် (၉)နှစ်ပြည့် ဂုဏ်ရည်မှန်းဆ ပူဇော်ပွဲကို ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်၊ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲအကြို ညချမ်းဓမ္မပူဇာပွဲကို ဖေဖော်ဝါရီ ၆ရက်မှ ၁၁ရက်အထိ ညစဉ် ၇နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

❒ စာမျက်နှာ ၄ မှ

မန္တလေးတိုင်း သုံးတိုင်းကို ဖြတ်သွားသည့် လမ်းဖြစ်ကြောင်း၊ ယင်းလမ်းအပြင် မကွေးတိုင်း၊ မန္တလေးတိုင်းကို ဖြတ်၍ ဆက်သွယ်ထားသည့် အရှေ့အနောက်လမ်းများကို ကြည့်လျှင် ပျဉ်းမနား၊ တောင်ညို၊ တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရွာမွန်၊ နတ်မောက်၊ မကွေးလမ်းများသည်လည်း ကတ္တရာလမ်း အဆင့်အထိကို တိုးတက်ပြီး အများပြည်သူ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် တောင်မြောက်လမ်းများအနေဖြင့် နတ်မောက်-ရွာမွန်-ဇရပ်ကွင်း-ကျောက်ပန်းတောင်းလမ်း၊ နတ်မောက်-ရွာမွန်-ဇရပ်ကုန်း-ပြင်စီ(နွားထိုးကြီး) ကားလမ်းများလည်း ဖောက်လုပ်ပြီးဖြစ်သည့်အပြင် ရွာမွန်-ကျောက်ပန်းတောင်းလမ်းသည် ကတ္တရာလမ်းအဆင့်ထိ တိုးမြှင့်ပြီးဖြစ်ကြောင်း။

ဤပဲခူးရိုးမကြီးသည် သစ်တောအလွန်ထူထပ်ပြီး တောင်တန်းကြီးမားသည့် ရိုးမကြီးဖြစ်ကြောင်း၊ ယင်းလမ်းကို တာဝန်ယူ ဖောက်လုပ်သည့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် လမ်းဖောက်လုပ်ရန် လမ်းအူကြောင်းရွေးချယ်ရာတွင်မှာရော၊ လမ်းဖောက်လုပ်သည့် အခါတွေမှာပါ ခက်ခဲကြမ်းတမ်းမှုများ များစွာကြုံတွေ့ခဲ့ရကြောင်း၊ မိုးတွင်းကာလတွင် အလုပ်မလုပ်နိုင်ကြဘဲ ပွင့်လင်းကာလတွင်သာ အလုပ်လုပ်ခဲ့ကြရကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများသည် ယင်းလမ်းကြီး ဖောက်လုပ်ခြင်းဖြင့် ဒေသနှစ်ခု ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသနေပြည်သူများ သွားလာရေး၊ ဆက်သွယ်ရေးလွယ်ကူသည်နှင့် အမျှ စားဝတ်နေမှု ဖူလုံလာမည်။ နောက်ပြီး ရိုးမတစ်ကြော၌ ရှိသည့် သစ်နှင့် သစ်တောထွက် သယံဇာတများကို ဤလမ်းကနေတစ်ဆင့် ထုတ်ယူနိုင်ပြီး နိုင်ငံ့ဝင်ငွေ အများအပြား ရှာဖွေပေးနိုင်မည်ဆိုသည့် ပြည်သူများ၏ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းစေရေး ရည်ရွယ်ချက်ဖြင့် ပင်ပန်းကြမ်းတမ်းသည့် ဒဏ်များကို မမှုဘဲ မွန်မြတ်သော စေတနာဖြင့် ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဤလမ်းသည် မကွေးတိုင်းဘက်ခြမ်းကိုးပင်မှ နယ်ခြားဆုံရပ်အထိ ၄၆မိုင်ကျော်ကျော်ရှိကြောင်း၊ နယ်ခြားဆုံရပ်ကနေ ပဲခူးတိုင်း သာဂရအထိ မိုင် ၅၀ကျော် ရှိကြောင်း၊ လောလောဆယ်တွင် မြေသားလမ်းသာဖြစ်သော်လည်း မကြာခင်တွင် ကျောက်လမ်း၊ ကတ္တရာလမ်းအဖြစ် တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဤလမ်းမကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် ကားလမ်းကြောင်း ဝဲ/ယာနှင့် အတွင်းပိုင်းကျသည့် ကျေးရွာများမှ ကျေးလက်နေပြည်သူများသည် ဤလမ်းကို အသုံးပြုပြီး ဤလမ်းကတစ်ဆင့် ကူးသန်းသွားလာကြခြင်းဖြင့် ဒေသထွက်ကုန် စပါး၊ မြေပဲ သီးနှံများကို မြို့သို့ အလွယ်တကူ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူပင် ပဲခူးရိုးမတစ်ကြောတွင် ရှိသည့် အဖိုးတန်ကျွန်းနှင့် သစ်မာများကိုလည်း ဤလမ်းကနေပြီး အလွယ်တကူ ထုတ်လုပ်နိုင်တော့မည် ဖြစ်ကြောင်း၊ ယင်းဒေသတွင်ရှိသည့် ဒေသခံပြည်သူလူထု၏ လူနေမှုဘဝသည်လည်းပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း (ကိုးပင်ဘက်ခြမ်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးအတွက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကျင်းပ

ရန်ကုန်　ဖေဖော်ဝါရီ　၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးအတွက် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနရိန္ဒာဘိဝံသ အမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံမှ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူ တန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဘုရားကြီးကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရန်အတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ဩဝါဒါစရိယ ဆရာတော်ကြီးများထံ လျှောက်ထားသည်။

ဩဝါဒကထာ

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများက ဩဝါဒကထာ ချီးမြှင့်တော်မူပြီး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများသည် ပြန်လည်ပြုပြင်တည်ဆောက် ပြီးစီးသွားသော စက်တော်ရာ တန်ဆောင်းကို ကြွရောက်ကြည့်ရှုတော်မူရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ပြန်လည်ပြုပြင်ထားရှိမှုများကို လျှောက်ထား ရှင်းလင်းပြသကြသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆွေးနွေးမှာကြား

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘုရားကြီးကိုးဆူတန်ဆောင်းပြန်လည် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ ဆက်လက်ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာ တန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားပြီး ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကိုပြန်လည်ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ကိုလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အန္တိမစျာပနဂူဗိမာန်တော်သွင်း အခမ်းအနားကျင်းပမည်

ရန်ကုန်　ဖေဖော်ဝါရီ　၂

နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ် ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက် ဦးစီးပဓာန နာယက သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇနိယ ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ကြီးသည် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၀ရက် နံနက် ၀၀း၁၅နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရာ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖေဖော်ဝါရီ ၇ရက် (စနေနေ့) နံနက်ပိုင်းတွင် အန္တိမစျာပန စံကျောင်းချအခမ်းအနားကျင်းပ၍ ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့် ပူဇော်ခြင်းအခမ်းအနား ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမစျာပန ပူဇာသဘင်နှင့် ဂူဗိမာန်တော်သွင်း အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး အန္တိမစျာပန ပူဇာတရားပွဲကို ဖေဖော်ဝါရီ ၈ရက် ညတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ အရှင်ဉာဏိဿရဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနက သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကိုးဆူတန်ဆောင်း ပြန်လည်တည်ဆောက်ရေးအတွက် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနား အပြီးတွင် ရွှေဘုန်းပွင့်စေတီတော် စက်တော်ရာတန်ဆောင်းနှင့် ဘုရားကြီးကိုးဆူတန်ဆောင်းများ ပြုပြင်တည်ဆောက်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန်　ဖေဖော်ဝါရီ　၂

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ကကြီးမှူး၍ ဇန်နဝါရီ ၁၂ရက်မှ ၁၉ရက် အထိ မြန်မာနိုင်ငံ၌ကျင်းပခဲ့သည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ် စင်တာအဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း တက်ရောက်၍ ပဏာမ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာတာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် အားကစားကလောင်ရှင်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co., Ltd)နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက ပြိုင်ပွဲကျင်းပခဲ့ပုံနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co., Ltd)က ပြိုင်ပွဲသို့ မြန်မာလူငယ်အသင်းပါဝင်ယှဉ်ပြိုင်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ဖြေကြား

ယင်းနောက် သတင်းစာဆရာများနှင့် အားကစားကလောင်ရှင်များ၏ မေးမြန်းဆွေးနွေးချက်များကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြန်လည်ဖြေကြား ဆွေးနွေးပြီး ကျင်းပပြီးစီးခဲ့သော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ပထမဆု၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုနှင့် အကောင်းဆုံး အားကစားသမားဆုရ ဖြိုးမင်းသာ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် လက်ရွေးစင်များဖြစ်ကြသည့် ညီညီထွန်းနှင့် ငယ်နှောင်းတို့အား သတင်းစာဆရာများနှင့် အားကစား ကလောင်ရှင်များအား မိတ်ဆက်ပေးသည်။

ဆက်လက်၍ တင်းနစ်အားကစား သမားများအား သတင်းစာဆရာများ နှင့် အားကစားကလောင်ရှင်များက တင်းနစ်အားကစားနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြပြီး သတင်းစာ ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲ တက်ရောက်လာကြသူများသည် မြန်မာ နိုင်ငံ တင်းနစ်အဖွဲ့ချုပ်၌ စခန်းသွင်း ထားရှိသည့် လက်ရွေးစင် တင်းနစ် အားကစားသမားများ၏ အိပ်ဆောင်ကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ကြီးမှူး၍ မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် အသက်(၁၄)နှစ်နှင့် အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ နှင့် ပတ်သက်၍ သတင်းစာရှင်းလင်း ပွဲတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း ပဏာမ ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

ကွန်ပျူတာစာရင်းကိုင် သင်တန်းဖွင့်လှစ်မည်

ရန်ကုန်　ဖေဖော်ဝါရီ　၂

Informatics BotataungCentre သည် Computerized Accounting (ACCPAC Plus and UBS) သင်တန်းနှင့် PC-Upgrading & Maintenance Courseဖွင့်လှစ်မည် ဖြစ်သည်။

အသေးစိတ်သိလိုပါက ၂၂၀/၂၂၂ ဗိုလ်တထောင်ဘုရားလမ်း ဖုန်း- ၂၀၀၃၄၃၊ ၂၀၃၁၈၈ နှင့် ၂၉၆၈၂၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ သင်တန်း ပြီးဆုံးပါက Singapore Informatics မှ ချီးမြှင့်သော အောင်လက်မှတ် ရရှိမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဟာသဂျာနယ် အတွဲ(၂) အမှတ်(၂၇) ထုတ်ဝေ

ရန်ကုန်　ဖေဖော်ဝါရီ　၂

ဆြာကြီးထိန်၏ ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်းမြင့်သိန်း၏ စံရွှေမြင့် ကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ ဆရာပြည့်စုံ(သွေးသောက်)၊ မြေဇာ၊ ကာတွန်းမြင့်စိုးလေး၊ မိုးကြိုး(ဗေဒင်)၊ သဇင်နီနီ၊ ဟစ်တလုံး၊ ဆြာလိုင်သက်ခင်း၊ ဇမ္ဗူဒိတ်ဆိတ်၊ ဏီမှူး၊ ကိုထွေး(ကလောဂျီတီအိုင်)၊ မင်းထက်အောင်(ခာတု)၊ ကိုအောင်ငွေသိမ်း၊ အောင်ကျော်ဇေ(ဒေါ်ပုံ)တို့၏ ဟာသရသ အတွေးအရေး ရုပ်ရှင်များဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၂၇)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က-ပ)



အာဆီယံဒေသကုန်ပစ္စည်းခွဲခြားခြင်းစည်းဝါးညီစနစ် အကောင်အထည်ဖော်ရေး အထူးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်း၍တတိယအကြိမ်မြောက် အာဆီယံဒေသအတွင်း ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ စည်းဝါးညီစနစ် အကောင်အထည်ဖော်ရေး အထူးသင်တန်းကို ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel၌ ယနေ့ နံနက် ၈နာရီတွင် ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါသင်တန်းသို့ အာဆီယံနိုင်ငံများမှ သင်တန်းသား ၁၈ဦးနှင့် မြန်မာနိုင်ငံသက်ဆိုင်ရာ ဌာနများမှ သင်တန်းသား ၁၂ဦး စုစုပေါင်း သင်တန်းသား ၃၀ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

စာပြန်ဖြေဆိုပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်လုံးဆိုင်ရာ သံဃနာယက အဖွဲ့က ကြီးမှူးကျင်းပသော ပဉ္စမအကြိမ်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက စာပြန်ဖြေဆိုပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် (၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိန္ဒာဘိဝံသ အောင်မြေဘုံစံ ဆရာတော်အမှူးပြုသောဆရာတော်များ ကြွရောက်တော်မူကြပြီး ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ စာအောင်သံဃာတော် ၁၇၃ပါးတို့အား ဆရာတော်ကြီးများနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက အောင်လက်မှတ်များ ဆက်ကပ်ကြသည်။ (သတင်းစဉ်)

လားရှိုး၊ မူဆယ်၊ ကော့သောင်း၊ မြိတ်မြို့များ၌ ကုန်စည်ပြပွဲများ ကျင်းပမည်



ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ရွှေခြသေ့်သမဝါယမအသင်းလီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ၄ရက်မှ ၈ရက်ထိ လားရှိုးမြို့ ယုံဟော်ကွင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက်မှ ၁၆ရက်အထိ မူဆယ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မတ်၂၄ရက်မှ ၂၈ရက်ထိ ကော့သောင်းမြို့ မဥ္ဇူသက လွတ်လပ်ရေးကွင်း၌ လည်းကောင်း၊ ဧပြီ၂ရက်မှ ၆ရက်ထိ မြိတ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ စားသောက်ကုန်များ၊ အလှကုန်များနှင့် လူသုံးကုန်ပစ္စည်းမျိုးမျိုး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ်တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ နိုင်ငံခြားစံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ် အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ အဆိုပါကုန်ပစ္စည်းပြပွဲတွင် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြသေ့် သမဝါယမအသင်းလီမိတက် အဆောင်(၂)၊ ပထမထပ်၊ မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး (စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့၊ ဖုန်း–၃၇၁၈၀၀(လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ဖုန်း–၂၄၀၆၀၀ (လိုင်းခွဲ) ၄၃၂၊ ရုံးချိန် ပြင်ပဖုန်း–၆၃၅၂၆၄တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

အီလက်ထရွန်းနစ် သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

လူငယ်၊လူရွယ်များအတွက်လက်တွေ့အသုံးချ အီလက်ထရွန်းနစ်သင်တန်း (TV, VCR, VCD, CD, Satellite)၊ရေခဲသေတ္တာအပါအဝင် လေအေးပေးစက်သင်တန်း၊ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် Cosmic Engineering Group Training and Service Centreအမှတ် (၃၁)၊ ဓမ္မဝိဟာရလမ်း ကျောက်မြောင်း (ကျောက်မြောင်းဈေးမှတ်တိုင်အနီး) ဖုန်း–၅၄၉၈၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန် ကုန်စည်ပြပွဲ နောက်ဆုံးနေ့ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co. Ltd က စုစည်းကျင်းပသော ရန်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ယနေ့နောက်ဆုံးနေ့အဖြစ်ဆက်လက် ခင်းကျင်းပြသရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ၊ ကြည့်ရှုလေ့လာဝယ်ယူသူများဖြင့်အထူးစည်ကားသည်။

ယင်းပြပွဲတွင် ပြပွဲလာရောက်သူများအား ကံစမ်းမဲအစီအစဉ်အရ ကံထူးသူ ကံစမ်းမဲအမှတ်စဉ် (၄၄၉) အမှတ်(၄) ကျောင်းလမ်း (၆)လွှာ မင်္ဂလာတောင်ညွန့်နေ မဟေမာအောင်အားကံထူးဆု ငွေကျပ်တစ်သိန်းနှင့် ပြပွဲ၌ ပြခန်း အလှဆုံးခင်းကျင်းပြသသော လုံမေလက်ဖက်နှင့် အကြော်စုံလုပ်ငန်းတို့အား Quartz International Co. Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပါဝင်ပြသသော ကုမ္ပဏီလုပ်ငန်းများအား ဂုဏ်ပြုပန်းခြင်းများကို ပေးအပ်သည်။ (သတင်းစဉ်)

ရန်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ တွင် ကုန်စည်ပြပွဲခန်းအလှဆုံးခင်းကျင်းမှုထူးချွန်ဆုရရှိသော လုံမေလက်ဖက် နှင့် အကြော်စုံလုပ်ငန်းမှ ကိုမောင်နှင့် မခိုင်သက်တို့အား Quartz International Co., Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ငွေဇင်ယော်
Air Bag
Restaurant
Standard Hotel
Medical Care
Guide Service
• မန်းရွှေစက်တော်
(၂) ညတိမ် ခရီးစဉ်
Feb 11, 27
Ext

ထိမ်းမြားမင်္ဂလာညည်ခံပွဲကျေးဇူးတင်လွှာ

စစ်တွေမြို့၊ဘောလုံးကွင်းရပ်ကွက်၊မေယုလမ်းနေ
(ဦးနီထွန်းဦး)–ဒေါ်မရှင်တို့၏ သား
ရန်ကုန်မြို့၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ဗေပယ်လမ်း၊
တိုက်နံပါတ်(၁၀)၊အခန်းနံပါတ်(၇)၊
ယုဇနပလာဇာအနောက်ဘက်ခြမ်းနေ
မောင်ကျော်စိန်ထွန်း(ခ)ကျော်လီ (Managing Director Tun General Trading) နှင့်
စစ်တွေမြို့၊ကျေးပင်ကြီးရပ်ကွက်၊ရွှေသာလမ်း၊အမှတ်(၇၁၁–၁၅၃)နှင့်
ရန်ကုန်မြို့၊လမ်း ၃၀၊အမှတ်(၇၃/၇၅)မြေညီထပ်နေ
ဦးလှသာထွန်း(ဥက္ကဋ္ဌ၊ရခိုင်ပြည်နယ်အထွေထွေစီးပွားရေးသမအသင်းစုချုပ်)–
ဒေါ်အေးမေ (အထည်လုပ်ငန်း)တို့၏ သမီးထွေး
မစိုးညွန့်သူ(ခ)မေသူ Second Year (Eco)
တို့၏ ၂၈–၁–၂၀၀၄ရက်နေ့တွင် အလိုတော်ပြည့်ကျောင်းတိုက်၌ကျင်းပသော မင်္ဂလာဦး ဆွမ်းကျွေးပွဲ အခမ်းအနား နှင့် ၁–၂–၂၀၀၄ရက်နေ့တွင် (Sedona Hotel)၌ကျင်းပသောမင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ကြသောဂုဏ်သရေရှိလူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရပ်ဝေးရပ်နီးမှမင်္ဂလာ လက်ဖွဲ့ချီးမြှင့်ကြသောမိတ်ဆွေသင်္ဂဟများအားလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စိန်ထွန်း(ခ)ကျော်လီ+မစိုးညွန့်သူ(ခ)မေသူ

ထွက်ပြီ
မန်းသိင်္ခီ
ဆန်းပြားတဲ့အချစ်
ဂရေဟမ် Rဇာနည် မြို့ကြီး တင်ဇာမော် မီးမီးခဲ ဆုန်သင်းပါရ်
ထူးအယ်လင်း
lazy club lynn(tony) sedona
၇-၂-၀၄ မှ ၁၄-၂-၀၄ ထိရန်ကုန်မှူးလေးဂိ မန်းသိင်္ခီ ဆိုင်မှာ ချစ်သူများအတွက် Tape ဒိုင်ကုလေးနှင့်ဟက်ဆောင်ပေးကြရအောင်

VACANCIES

(For local service only)

We are a leading marketing and distribution company and are looking for the well qualified personnel for the following post.

1. **Product Manager (Ethical Drugs)** (2 Nos.)
- Must be a Medical Graduate or Pharmacist.
- Must have at least 3 year of product management in pharmaceutical filed.

2. **Product Manager (OTC Product)** (2 Nos)
- He or she will be responsible to develop and market the OTC product line.
- A sound experience in marketing management of the OTC or Consumer product are highly required.

3. **Medical Representative** (Yangon or Mandalay) (5 Nos)
- Reporting to the supervisor, he or she will be responsible to promote the ethical product range.
- willing to travel to any city within Myanmar for Medical promotion.
- Experience in Pharmaceutical Marketing will be of advantage.

4. **Sale Manager** (Yangon and Mandalay) (3 Nos)
- Medical Graduate/Pharmacist/Science Graduate.
- At least 3-year experience in extensive coverage of country with sound contact within in the pharmaceutical market.
- Self-motivated, dynamic, dedicated, and able to work efficiently under work pressure.
- Must also have a good inter-personal and communication skill.
- Must be able to travel and able work at various branches occasionally.

5. **Senior Accountant** (Yangon) (2 Nos)
- Must have CPA or RA qualification.
- Self-motivated, dedicated, and able to work efficiently under work pressure

6. **Merchandising Supervisor** (2 Nos)
(1 Vacancy for Yangon and 1 Vacancy for Mandalay)
- A university graduate with previous working experience in merchandising/sale/advertising.
- Willing to travel to other cities for merchandising.

Very Attractive remunerations will be offered. Please submit CV with a photo, previous experience and labor registration copy to Pacific Pharmaceuticals Ltd. C/O GPO Box. 905, Yangon, Myanmar.

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဟိုပန်မြို့နယ်၌ ကျပန်းစကားပြော ပြိုင်ပွဲကျင်းပ

ဟိုပန် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက်၁၀နာရီက ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာမေးပွဲ ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးဦးစိုင်းခမ်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်အုံးပွင့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် အကဲဖြတ်ဒိုင်ချုပ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဒေါ်နန်းခင်အေးက ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲဝင်ခြောက်ဦးတို့က ခေါင်းစဉ်များကို မဲနှိုက်၍ ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ ကျောင်းသား၊ကျောင်းသူများအား ခရိုင်အသင်းအလုပ်အမှုဆောင်ဦးယိမ်းချမ်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်အုံးပွင့်တို့က ဆုများချီးမြှင့်ကြသည်။ (၄၆၄)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းအရှည် တစ်မိုင်ငါးဖာလုံ၊ လမ်းအကျယ်ပေ ၅၀ရှိ ပြည်သာယာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၁၄)

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၃၁

ကျောက်ပန်းတောင်းမြို့နယ်မြတ်ရွှေဂူ မိုးကုတ်ဝိပဿနာ ဓမ္မာရုံကြီးတွင် မြတ်ရွှေဂူစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ အမှူးထား၍ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၈၇)မှ ကြီးမှူးလျက်(၂၄)ကြိမ်မြောက်ဝိပဿနာ အလုပ်ပေးသင်တန်း ၁၀ ရက် တရားစခန်းပွဲ ကို ဇန်နဝါရီ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီ ၇ ရက်နေ့အထိ ကျင်းပပြီး တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယအဖြစ် ရန်ကုန်ဌာနချုပ်မှ ဆရာတော် ဦးကုဏ္ဍလ(ဓမ္မာစရိယ)က ဟောကြားပို့ချမည်ဖြစ်သည်။ (က-ပ)

လက်နှိပ်တုံကင် တွင်းတိမ်နှစ်တွင်းဖွင့်

ကွမ်းခြံကုန်း ဇန်နဝါရီ ၃၁

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် ကျေးလက် ရေပေးရေးလုပ်ငန်းဖြစ်သော တောကျောင်းကျေးရွာအုပ်စု ကော့ကနိမ်ကျေးရွာတွင် လက်နှိပ်တုံကင် တွင်းတိမ်နှစ်တွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၅ ရက် နံနက်ပိုင်းက ကော့ကနိမ်ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မျိုးအောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချိုထွန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ဇန်နဝါရီ ၂၀ ရက်က တောင်ငူမြို့ အမှတ်(၂)ရပ်ကွက် (၅)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်မှုကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် စည်ပင်အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြင့်ဇော်တို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မော်လိုက်မြို့နယ်၌ စုပေါင်းသန့်ရှင်း

မော်လိုက် ဇန်နဝါရီ ၁၉

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီက မော်လိုက်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဆောင်ရွက်ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ၊ စုစုပေါင်းအင်အား ၁၂၀၀ တို့က ဆေးရုံဝင်းအတွင်း ချုံနွယ်၊ ချုံပုတ်၊ မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းဆောင်ရွက်ရာသို့ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာတင်မောင်သန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ထူးချွန်စွာတာဝန်ထမ်းဆောင်သူ ဝန်ထမ်းများအားဂုဏ်ပြု

မော်လမြိုင် ဇန်နဝါရီ ၂၉

မြန်မာ့မီးရထား တိုင်းအမှတ်(၈) မော်လမြိုင် နယ်မြေအတွင်းရှိ အငြိမ်းစားဝန်ထမ်းများ၊ ၂၀၀၁-၂၀၀၂ပညာသင်နှစ် ထူးချွန်ဆုရ ဝန်ထမ်းသား၊ သမီးများနှင့် လုပ်ငန်းတာဝန်ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၈ ရက်က မော်လမြိုင်မြို့ မုပွန်နယ်မြေရှိ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၈) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် တိုင်းအမှတ်(၈) တိုင်းတာဝန်ခံ ဦးကျော်ကျော်မျိုး (သွားလာရေးတိုင်း)က ရှင်းလင်းတင်ပြပြီး အငြိမ်းစားဝန်ထမ်းများ၊ ပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်စွာဆောင်ရွက်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုဆုကြေးနှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။ **(၃၀၇)**

ဆိုဒီယမ်မီးလုံးများထွန်းညှိ

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသက်ဦးရှိန်၊ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်နှင့်စည်ပင်သာယာဝန်ထမ်းများ၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းမှ ဝန်ထမ်းများ ဇန်နဝါရီ ၂၃ ရက်တွင် သထုံမြို့၌ ဆိုဒီယမ်မီးလုံး ထွန်းညှိခြင်းကို ဆောင်ရွက်ကြစဉ်။ (သထုံမြို့နယ်စည်ပင်)

ညောင်ရွှေမြို့နယ် မိုင်းလီရပ်ကွက် မင်္ဂလာကျောက်ချော လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ညောင်ရွှေ ဇန်နဝါရီ ၂၄

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မင်္ဂလာကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၄ရက် နံနက်ပိုင်းတွင် မိုင်းလီရပ်ကွက်ရှိ မင်္ဂလာလမ်းမုခ်ဦး၌ ကျင်းပသည်။

— ဖဲကြိုးဖြတ်ဖွင့်လှစ် —

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းဖောက်လုပ်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့(ရှမ်း/တောင်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

— ပြည်သူများနှင့်ပူးပေါင်း —

အဆိုပါ မင်္ဂလာလမ်းမှာ လမ်းအရှည်ပေ ၁၉၃၀ ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့မှ ပူးပေါင်း၍ ငွေကျပ် ၁၃၃၆၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၁/ ၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော်(၂)ရက်
(၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၈ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် (ဧပြီ၊ မေ၊ ဇွန်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT)ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့် ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ (၁)ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ၊ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များ အနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး အနည်းဆုံး ပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့်သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ခုနှစ် ဇန်နဝါရီလ(၁၂)ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ–၂)နှင့် ပုံစံ (သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ–၅)နှင့် ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်း၊အပြင် ချိပ်ထိုးပြီး ၂၀၀၄ခုနှစ် ဇန်နဝါရီလ(၁၂)ရက်မှ ၂၀၀၄ခုနှစ်ဖေဖော်ဝါရီလ(၁၁)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/ လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

G.Link Computer
Hardware Course (A+)
Graphic Design Course
Visual Basic Course
Office XP, DTP, Access, Special Effects
ACCPAC, AutoCAD, C++, JAVA
Graphic Design
Ph : 243 982, 240 622 Fax : 240 622

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ
ခေါ်ယူလိုသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
(ဂ) ၁- ၂ -၂၀၀၄ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၉ - ၂-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၄- ၂-၂၀၀၄ ရက်နေ့မှ ၄- ၃-၂၀၀၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေး လက်မှတ်။
(ခ) ပညာအရည်အချင်း အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း) ။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ (၃)ပုံ ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ နှင့်လုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip. C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ၄၅၀၀ ကျပ်၊ ဒုတိယနှစ် ၅၀၀၀ ကျပ်ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း) အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိပြီး အောင်မြင်ပါက တစ်ဆင့်မြင့် အဆင့်/အတန်းသို့ တိုးမြှင့်ရရှိမည်ဖြစ်ပြီး အောက်ပါအတိုင်း လစာနှင့်စရိတ်များရရှိမည်-

	အဆင့်/အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၅၃၀၀	၁၅၀	၁၀၀၀	၆၄၅၀/-
(ခ)	တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၅၃၀၀	၂၀၀	၁၀၀၀	၆၅၀၀/-
(ဂ)	တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၅၃၀၀	၂၅၀	၁၀၀၀	၆၅၅၀/-
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၆၅၀၀	၂၅၀	၁၀၀၀	၇၇၅၀/-
(င)	အရာခံဗိုလ်/စာရေး	၇၁၀၀	၂၅၀	၁၀၀၀	၈၃၅၀/-

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀/- နှုန်းဖြင့် ၅၀၀/- အထိ ခံစားခွင့်ရှိသည့်အပြင် သက်သာချောင်ချိရေးထောက်ပံ့ငွေအဖြစ် လစဉ် ၅၀၀၀/- ခံစားခွင့်ရှိသည်။

၇။ တပ်ကြပ်ကြီး/စာရေးအဖြစ် တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူတပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ် ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်းသို့** လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံမှူးထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ–၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား/သမီး အခြေခံယာဉ်မောင်းသင်တန်းကို ၈–၃–၂၀၀၄ တွင် ဖွင့်လှစ်ပါမည်။

၉–၂–၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးများနှင့်ဝါရင့်နည်းပြဆရာများမှသင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့်(ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

၎င်းအပြင်–အခြေခံ(လျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်း)များကို ၃–၃–၂၀၀၄နေ့တွင်စတင်ဖွင့်လှစ်ပါမည်။

အင်ဂျင်နီယာမှူးများနှင့် ဝါရင့်ပညာရှင်များက စာတွေ့/လက်တွေ့ကို အနီးကပ်ကြီးကြပ်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်– ပြည်လမ်း(၈)မိုင်လမ်းဆုံနှင့် မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း–၆၆၀၈၅၁။

မွေးနေ့ဆုတောင်း

ဗိုလ်လောင်း ကျော်မင်းဦး (D.S.A)ဒုတိယနှစ် ပြင်ဦးလွင်

သားကြီး ၃-၂-၂၀၀၄ရက်နေ့မှာ ကျရောက်တဲ့ မွေးနေ့မှသည်စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး ထူးချွန်ထက်မြက်တဲ့ သားကောင်းရတနာဖြစ်ပါစေ---။

ဖေကြီး - ဦးထွန်းထွန်းဦး　မေကြီး - ဒေါ်ခင်မာရီ
ညီလတ် - ထက်ဝေယံ　ညီငယ် - စောဝဏ္ဏ(ခ)ဖိုးသဲ

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဦးကြည်ထွဏ်း(ထန်လှိုင်)** တရားရုံးချုပ်ရှေ့နေ- မေမေ **ဒေါ်သိန်းသိန်းမြင့်** (မြန်မာ့ရေနံ၊ ငြိမ်း)တို့၏ ၃-၂-၂၀၀၄နေ့တွင် ကျရောက်သည့် (၂၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် သားသမီးတို့နှင့်အတူ ကျန်းမာချမ်းသာစွာ လျှောက်လှမ်းနိုင်ပါစေ---။

သားကြီး - ဒေါက်တာလွှမ်းမိုးဟန် (ပြင်ဦးလွင်)
သမီးငယ် - ခင်လပြည့်ထွဏ်း(3rd MB၊ ဆေး-၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

(၂၀၀၂-၂၀၀၃)ခု ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ်၊ ဇူလိုင်နှင့် ဩဂုတ်လတို့တွင် ကျင်းပခဲ့သော တတိယနှစ်(၁၉၉၆၊အောင်) သင်တန်းအသီးသီး၏ နောက်ဆုံးနှစ်စာမေးပွဲ အောင်မြင်ထားသော ကျောင်းသား/သူများအား ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်၊နေ့ - ၂၀၀၄ခုနှစ်၊ မတ်လ(၇)ရက်၊ တနင်္ဂနွေနေ့
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ(ရန်ကုန်တက္ကသိုလ်နယ်မြေ)
ကျင်းပမည့်အချိန် - နံနက် (၉:၀၀)နာရီ

၁။ B.Econ(Economics) - ဘွဲ့
၂။ B.P.A - ဘွဲ့
၃။ B.Dev.S - ဘွဲ့
၄။ B.Econ(Statistics) - ဘွဲ့
၅။ B.P.S - ဘွဲ့
၆။ B.Com - ဘွဲ့
၇။ B.Act - ဘွဲ့
၈။ B.B.A - ဘွဲ့

တက်ရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၅၀၀(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်ရက်၊နေ့ - ၂၀၀၄ခုနှစ်၊ မတ်လ(၄)ရက်၊ ကြာသပတေးနေ့
အစမ်းလေ့ကျင့်မည့်အချိန် - နံနက် (၈)နာရီ
လျှောက်လွှာပိတ်ရက် - ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်

မှတ်ချက်။ (၁)သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂)နှစ်ဟောင်းမှ ဘွဲ့/ဒီပလိုမာ အောင်မြင်ထားသူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။
(၃)တစ်လအတွင်း ရိုက်ကူးထားသော (၂"x၁ ½")ဓာတ်ပုံ(၂)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် လျှောက်ထားရမည်။
(၄)အသေးစိတ်အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တွင် လာရောက်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်(၁)
ဘွဲ့နှင်းဌာန
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ကန်ထရိုက်တာဦးထွန်းမင်း(MTMဆောက်လုပ်ရေး)နှင့်အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းအမှတ်၂၄၄/၂၅၄ဟုခေါ်တွင်သော နေရာတွင် တိုက်ဟောင်းဖျက်၍ တိုက်သစ်ဆောက်လုပ်ရာတွင် လက်ရှိနေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဦးမြင့်သိန်းသည် ကန်ထရိုက်တာ ဦးထွန်းမင်း(MTM ဆောက်လုပ်ရေး)ထံမှ အဆိုပါတိုက်သစ်၏(၅)လွှာရှိ အခန်းတစ်ခန်းကို ငွေသိန်း(၁၅၀)ဖြင့် သဘောတူညီပြီး ဝယ်ယူခဲ့ရာ ၂၈-၁၁-၂၀၀၂နေ့တွင် ကြိုပွိုင့်စရန်ငွေအဖြစ် ငွေကျပ်သိန်း(၂၀)အား ကြိုပွိုင့်အရောင်းအဝယ်စာချုပ်ဖြင့် ဦးထွန်းမင်း (MTM ဆောက်လုပ်ရေး)ထံပေးအပ်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါစာချုပ်တွင် မြေကြီးတူးသည့်နေ့မှစ၍ တစ်လလျှင် ငွေ(၁၀)သိန်းကျပ်အား ကန်ထရိုက်တာသို့ ပေးသွင်းရန်ပါရှိရာ ကျွန်ုပ်၏မိတ်ဆွေမှ စာချုပ်ပါ စည်းကမ်းအတိုင်း လစဉ်ငွေ(၁၀)သိန်းသွားရောက်ပေးအပ်သော်လည်း ဦးထွန်းမင်း(MTMဆောက်လုပ်ရေး)မှ လက်ခံခြင်းမပြုဘဲ အမျိုးမျိုးရှောင်ရှားနေခဲ့ပါသည်။

သို့ပါ၍ အဆိုပါအခန်းအား တစ်ဆင့်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ စရန်ငွေပေးချေဝယ်ယူပြီးသူအား တစ်နည်းနည်းဖြင့် နစ်နာစေခြင်း စသည်တို့အား မပြုလုပ်ရန်နှင့် နှစ်ဦးသဘောတူတိုက်ခန်း ကြိုပွိုင့်အရောင်းအဝယ်စရန်ပေး ကတိစာချုပ်အား အလေးအနက်ထားလိုက်နာပါရန် သတိပေးအပ်ပါသည်။

သို့မဟုတ်ပါက ဥပဒေအရ အရေးယူတရားစွဲဆိုမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးမြင့်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-　ဦးရဲမင်းစိုး
တရားရုံးချုပ်ရှေ့နေ။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးဝင်းရွှေ-ဒေါ်သန်းသန်းဝင်းတို့၏ သား

မောင်မြဝင်း

B.E(Electronics)
Yangon Technological University
M.Sc(Mechatronics)
National University of Singapore
Instrumentation Engineer
Brown Technologies Pte Ltd Singapore

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသန်းဦး [ဒု-အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၉)၊ဘားအံမြို့]-ဒေါ်ခင်သန်းဦး (အထပြ၊ငြိမ်း)တို့၏ သမီး

မစုလတ်မွန်

B.E(Electronics)
Yangon Technological University
M.Sc(Consumer Electronics)
Nanyaung Technological University

တို့၏ ၁-၂-၂၀၀၄ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်ဇနီးဒေါ်လှလှမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသောဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဇနီးဒေါ်မြသန်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်နှင့်အခါတော် တေးသီချင်း သီဆိုပေးသော တေးသံရှင် စိမ်းမိုမို့ The Acess တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးသော မိတ်ကပ်အောင်အောင်၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး) အားလည်းကောင်း၊မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ အသိအမှတ်ပြုကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် Yuzana Garden Hotelမှ မန်နေဂျာ၊ ဝန်ထမ်းများအားလည်းကောင်း လိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်မြဝင်း-မစုလတ်မွန်။**

ထိုက်တန်စွာ ဂုဏ်ပြုလွှာ

သုခမ္မမဏိဇောတဓရ ဆရာဦးအိုကြီး (ချမ်းမြို့တိုင်းရင်းဆေး၊ ရွှေတိ)

ဂုဏ်ယူစွာဖြင့် (ရွှေဘိုမြို့နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း)

နိုင်ငံတော်က သာသနာရေးဆိုင်ရာ "သုခမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဝိနယာနုဂ္ဂဟအသင်းကိုယ်စား ဂုဏ်ယူ ဝမ်းမြောက်ကြပါကြောင်းနှင့် နိုင်ငံ့ အကျိုးကို ဆောက်ထမ်းနိုင် သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဝိနယာနုဂ္ဂဟအသင်း
ရွှေဘိုမြို့

ထိုက်တန်စွာ ဂုဏ်ပြုလွှာ

သုခမ္မမဏိဇောတဓရ ဆရာဦးအိုကြီး (ချမ်းမြို့တိုင်းရင်းဆေး၊ ရွှေတိ)

ဂုဏ်ယူစွာဖြင့် (ရွှေဘိုမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာ့ဟိတအသင်း)

နိုင်ငံတော်က သာသနာရေးဆိုင်ရာ "သုခမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ပရိယတ္တိသာသနာ့ဟိတအသင်းကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြပါကြောင်းနှင့် နိုင်ငံ့ အကျိုးကို ဆောက်ထမ်းနိုင် သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနာ့ဟိတအသင်း
ရွှေဘိုမြို့

ချောင်းသာ / ငွေဆောင်
ချစ်ဝင်း
2538081
720854

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏မှတ်ပုံတင် ၅/ကလထ (နိုင်)၀၈၂၁၂နှင့်နိုင်ငံကူးလက်မှတ် ၄၂၁၀၆တို့သည် ၂၈-၁-၂၀၀၄ နေ့တွင်ပန်းဆိုးတန်းလမ်း၌ပျောက်ဆုံး သွားပါ၍ တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် ပေးပါရန် မေတ္တာရပ်ခံပါသည်။

ဖုန်း-၂၄၂၈၇၆၊ ၂၄၂၅၄၃၊ ၇၂၂၁၁၀။

ကာလိုက်ကြစို့ ရေစိုစို
သကြန်သီချင်းများ VCD KARAOKE
မေသလ္လာ လေးလေးထွန်း ချောစုဒ် ဂျူဒီကိုလင်း
VCDတစ်ချပ်ဝယ်လျှင် ကာလိုက်ကြစို့ရေစိုစို ကက်ဆက်ခွေတစ်ခွေ လက်ဆောင် ပေးနေပါပြီ
ထွက်ပြီ

ဒေစီကျော်လင်း ချစ်မိတိုင်းချစ်ဆုရှင် ...

နိုင်ငံတကာမှ နောက်ဆုံးပေါ်ဂျပန်ထိုင်းအဆင်အဆန်းများ၊ ပိုးချိတ်နှင့် အထည်အလိပ် အမျိုးမျိုးကို လှပဆန်းသစ်စွာ လေ့လာကြည့်ရှုဝယ်ယူနိုင်ရေးအတွက် ယမုနာနား အမှတ် အနောက်ဘက်ပတ်လမ်း ပီ-ဘက်ဆောင် (J.9,10) တွင် ဒေစီကျော်လင်း ပွဲဆိုင်စာ အရောင်းပြခန်း အမှတ်(၅) ကို (၅-၂-၂၀၀၄) နေ့တွင် ထပ်မံ၍ ဖွင့်လှစ်မည် ဖြစ်ပါသည်။

အားပေးကြသော မိတ်ဆွေများကို ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မေတ္တာလက်ဆောင်များကို စေစေပါဝါရီလ တစ်လအတွင်း ကျေးဇူး ထပ်မံချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Daisy Kyaw Lin International Trading Company Limited

Konica ဓာတ်ပုံ
Digital Photo Studio



အကောင်းဆုံးဘွဲ့အလှပုံ
ရိုက်ကူးပေးနေပါပြီ
ကြိုတင်စာရင်းပေးသွင်းနိုင်ပြီ
နံနက် ၆-နာရီ မှ ည ၈-နာရီထိ
အမှတ်(၄၄)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၂၂၄၄၉

Yan Aung
(၂၄-နာရီဖွင့်)
၀၉၅၀၀၄၀၀၄

ဇော်ဝင်း
☎ 709977, 380183

ပြည်သူ့ကိုယ်ပိုင်အထူးကုဆေးခန်း

ကိုလာ ... အလုံကျွန်း နှင့် သုံးပွင့်ကျွန်း
ကိုကိုကျွန်း နှင့် ... ၃၀% လျှော့ဈေးသည်
Ph : 526722
Tel : 09-99-25131, 249116
OCEANWIDE International Myanmar
277, Bogyoke Aung San Road,
7th floor, Room No (23), Asia Plaza. Tel : 240875

PC Workshop
660174 ,720301

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ-၆၆)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၂-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇၃

မြန်မာ့စီးပွားရေးဘဏ်		၁။ဒေါ်မြကြည် (သား)
ဘဏ်ခွဲ (၅)		၂။မောင်မောင်လတ်
၎င်း၏မန်နေဂျာ	နှင့်	အမှတ်-၁၄/၈/၁၂၅၂
အမှတ်-၁/၇၊ လသာလမ်း		ညောင်ဦးလမ်း၊ရွှေပေါက်ကံ
လသာမြို့နယ်၊ ရန်ကုန်မြို့။		မြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉တွင် ရရှိခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၄ ခုနှစ် မတ်လ ၃ ရက်နေ့ (၁၃၆၅ ခုနှစ်၊ တပေါင်း လဆန်း ၁၃ ရက်) နံနက် ၁၀း၀၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်ဖြစ်ကြောင်းနှင့် ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်နှင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

- ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ လူနေရပ်ကွက်အမှတ် (ရွှေပေါက်ကံ)၊ မြေကွက်အမှတ်-၁၂၅၂၊ အလျား ပေ ၄၀ X အနံ ပေ ၆၀၊ မြေဧရိယာ (၀ ဒသမ ၁၅၅)ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်။
- ပေ၂၀ X ပေ၂၀ အကျယ်အဝန်း၊ သွပ်မိုး၊ အုတ်ရိုးကာ၊ သမံတလင်းခင်း၊ လျှာထိုးခင်း၊ နှစ်ထပ်အာရ်စီ တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်များ။

  အဆိုပါမြေနှင့်တိုက် အဆောက်အအုံဥပစာများ၏ ကြမ်းခင်းဈေးသည် ကျပ်သိန်း ၈၀ (ကျပ်သိန်း ရှစ်ဆယ်တိတိ)ဖြစ်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်မှာ တရားနိုင်ဘက်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်က တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် (၁၀၀)လျှင် (၂၅) ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။

၆။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၇။ လေလံဆွဲဝယ်ရရှိသူသည် (၂၅) ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်ပြီး (၁၅) ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။

၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကိုလည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၉။ လေလံဆွဲဝယ်ရရှိသူအား ရုံးတော်မှ လေလံတင်ရောင်းချသည့် ပစ္စည်းကို လက်ရောက်ပေးအပ်မည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သန်းလွင်
တွဲဖက်တိုင်းတရားသူကြီး (၁၀)
ရန်ကုန်တိုင်းတရားရုံး။

ဒေါ်ခင်နု(၈၂)နှစ်
(စစ်တွေ)

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၂၀)၊ (၁၅၉)နေ (ဦးသာထွန်း-ဒေါ်စောလှ)တို့၏သမီး၊ (ဦးထော်ဦး-ဒေါ်ရွှေမြဦး)တို့၏ချွေးမ၊ (ဦးမောင်ပု)၏ဇနီး၊ (ဦးသိန်းဖုံ)-ဒေါ်ကျော့စိန်(ခ) ဒေါ်မေရီပု (အထကပြ ၊ငြိမ်း)၊ ဦးအေးလွင် (လ/ထ တိုင်းမန်နေဂျာ မြန်မာ့မီးရထား)-ဒေါ်ညိုညို၊ ဦးအောင်ထွန်းကြည် (မန်နေဂျာ-မြန်မာ့သင်္ဘောကျင်းလုပ်ငန်း)- ဒေါ်ခင်ငွေး (စာရင်းစစ်မှူး-စာရင်းစစ်ချုပ်ရုံး)၊ ဦးဟန်သိန်း-ဒေါ်စန်းစန်းထွေး၊ ဦးစိန်တင်လှိုင်- ဒေါ်ခင်စန်းဝေ၊ ဦးကျော်ငြိမ်း-ဒေါ်မြမေတို့၏မိခင် မြေး(၁၅)ယောက်၊မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၀-၁-၂၀၀၄ (သောကြာနေ့) ည၈း၀၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၂-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု။

မောင်တောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်လုံးမေ(ခ)ဒေါ်လုံးကတုံ
အသက်(၈၇)နှစ်

ရခိုင်ပြည်နယ်၊မောင်တောမြို့၊ဒက်ရှာနေ (ဦးစောထွန်းဦး)၏ ဇနီး၊ မောင်တောမြို့နယ်အသင်း ရာသက်ပန်အသင်းဝင်နှင့် သက်ကြီးပူဇော် ကန်တော့ခံ ဒေါ်လုံးမေ(ခ)ဒေါ်လုံးကတုံ သည် ၂၉-၁-၂၀၀၄ (ကြာသပတေးနေ့) တွင် အမှတ်(၁၃၇၆)၊ သလ္လာဝတီ(၅) လမ်း၊ (၁၃)ရပ်ကွက်၊ သာကေတနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ကနောင်းစီးမြို့တော်

တင်လှိုင်(ခ)ကိုထွန်းမြင့်
အသက်(၅၃)နှစ်

ရန်ကုန်တိုင်း သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်ပြေ(၃)လမ်း၊ အမှတ်(၈၉၄)နေ ဦးလှဝင်း-ဒေါ်သန်းရှင်တို့၏ သားလတ်သည် ၃၁-၁-၂၀၀၄ရက်နေ့ နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟမ္မဒ်ဒါဝတ်(ခ)
ဦးဘသွင်
အသက် (၈၄)နှစ်

(ရန်ကုန်ပန်းသေးဗလီနာယကဟောင်း)

ဥက္ကံမြို့နေ (ဟာဂျီမားလျန်ရှိန်း-ဒေါ်အေးတင်)တို့၏ သား၊ (ဒေါ်ခတီ)၊ ဒေါ်ညွန့်ညွန့်တို့၏ ခင်ပွန်း၊ ဦးအောင်သွင်၊ ဟာဂျီဦးကျော်သွင်၊ ဦးစိုးသွင်၊ (ဦးမျိုးသွင်)၊ ဒေါ်မိမိသွင်၊ ဒေါ်မူမူသွင်၊ ဦးကောင်းညွန့်သွင်၊ (ဦးထွန်းလင်းသွင်) တို့၏ ဖခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် အမှတ်(၂၆၅)၊ အနော်ရထာလမ်းနေအိမ်၌ ၂၉-၁-၂၀၀၄ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမာ့ အပြီးတွင် ရေဝေးကဘာရ်စတန်၌ဒါဖနာ ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မိုးဇော်ထွန်း(ခ)တီတီး
အသက်(၃၄)နှစ်

မအူပင်မြို့နေ ဦးကံမြင့်-(ဒေါ်ခင်မြင့်)၊ ရန်ကုန်မြို့ အမှတ်-၁၆၆၊ ၃၅လမ်းနေ ဦးစံအေး-ဒေါ်အေးမေတို့၏ မြေး၊ (ဦးမိုးမောင်မောင်)-ဒေါ်ရီရီတို့၏ ချစ်လှစွာသော သား၊ မိုးသီရိမွန် ၏အစ်ကို၊ Dr စီစီဝင်း-Dr အေးကျော်၊ ဦးကျော်ရင်-ဒေါ်မြကြည်၊ ဦးကျော်ဝင်း-ဒေါ်ရီရီဝေ၊ Dr ယဉ်ယဉ်ဝင်း - Dr Rod Williamson. Dr သန်းသန်းအေး-Drတင်ထွဋ်၊ ဒေါ်စမ်းစမ်းယဉ်၊ Dr သန်းလွင်၊ Dr တင်တင်ထွေး-Dr မင်းလွင်၊ (ဦးကျော်ခင်)-ဒေါ်ဘေဘီညွန့်တို့၏ တူ၊ ညီ၊ ညီမ ၁၆ယောက်တို့၏ အစ်ကိုသည် ၃၁-၁-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပြီး ၎င်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

အဘ ဦးကျော်မင်း၏သမီး အထက(၆)၊ ရွှေပေါက်ကံ၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မဝင်းသီဂီကျော်သည် ၁၉-၁-၂၀၀၄နေ့တွင် နေအိမ်မှထွက်သွားပြီး ပျောက်နေပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်။

ဆက်သွယ်ရန်- ဦးကျော်မင်း
၂၁/၇၁၊ ပေါက်ကံလမ်းမ
ရွှေပေါက်ကံမြို့သစ်၊ဖုန်း-၇၀၅၂၉၄။

ဒေါ်သိန်းမြင့်(ခ)
Mrs.Agnes Ho (B.A)
အသက်(၉၃)နှစ်

အငြိမ်းစားဆရာမကြီး
(Methodist English High School)

(ဦးအလင်-ဒေါ်ကြီးမေ)တို့၏ သမီးကြီး၊ ဦးစီ(ခ)K.T.Ho)၏ဇနီး၊ [ဦးဟိန်တင်(ခ)Harry-ဒေါ်သိန်းနု(ခ) Lily]၊ [ဦးညွန့်လှ(ခ) George Lee]-Pauline Lee၊ [ဦးမြသောင်း(ခ) Spencer]-ဒေါ်သိန်းဇင်(ခ)Margaretတို့၏ အစ်မ၊ ဦးစိုးဝင်း(ခ) Harry (ASEAN FOCUS GROUP)-ဒေါ်မူမူ(ခ) Rosebud (Diplomatic School Yangon) တို့၏ ချစ်လှစွာသော မိခင်၊ ဒေါက်တာ ဦးအောင်ကျော်-ဒေါက်တာ ဒေါ်ခင်သန်းတင်(ခ) Delphine၊ ဗိုလ်မှူးမြင့်သိန်း (ငြိမ်း) (ခ) Melvin -ဒေါ်ဝင်းရှီးရှီး၊ Alan Burrell- ဒေါ်ခင်စိုးတင်(ခ) Suzie၊ ဦးအေးမောင်မောင်(ခ) Raymond -ဒေါ်ခင်ဆွေတင် (ခ) Candy တို့၏ ချစ်လှစွာသော ကြီးဒေါ်၊ မဝင်းမူအေး (ခ) Primrose၊ (စောစီစိုး)၊ မဝင်းမူစိုး (ခ) Eilzabeth (Diplomatic School Yangon)တို့၏ အဘွားသည်၂၉-၁-၂၀၀၄(ကြာသပတေးနေ့) ညနေ ၆နာရီတွင် အမှတ်(၃၈)၊ ဗောဓိရိပ်သာ၊ ဝင်ဒါမီယာ၊ ဗဟန်းမြို့နယ် နေအိမ်၌ ကွယ်လွန်ပါ၍ ၃၀-၁-၂၀၀၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၂၉-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်မြမြ(၇၆)နှစ် (ကြို့ပင်ကောက်)နာမကျန်းဖြစ်စဉ် အဘက်ဘက်မှ မေတ္တာဖြင့် ကူညီကြသော အောင်မြေဗိမာန်စာသင်တိုက်မှ ဆရာတော်နှင့် သံဃာတော်များ၊ လူကြီးမိဘ ဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သျှင်ပါကူ အထူးကုဆေးခန်းတွင် ဆေးကုသမှုခံယူစဉ် စေတနာအပြည့်ဖြင့် ပြုစုစောင့်ရှောက် ပေးခဲ့သော ဆရာဝန်ကြီးများ၊ ဆရာမများ၊ ၃၁-၁-၂၀၀၄ရက် ဈာပနတွင် လိုက်ပါပို့ဆောင်ပေးခဲ့သော လူကြီးမိဘဆရာသမားများ၊ မိတ်ဆွေသူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်များ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်စိန်ဝင်း(၄၄)နှစ်
(ကန်တော်ကလေး)

ရန်ကုန်မြို့၊ အမှတ်(၁၂၄)၊ (၉၄)လမ်းနေ (ဦးမျိုးညွန့်)-ဒေါ်စောရီတို့၏ သား၊ ဦးမျိုးရွှေ-ဒေါ်လွန်းရင်တို့၏ သားသမက်၊ ဦးသိန်းဝင်း(ဆလက၊ငြိမ်း)-ဒေါ်သက်သက်၊ ဦးစိုးဝင်း(ညွှန်မှူး၊သတင်းနှင့်စာနယ်ဇင်း)-ဒေါ်ရီရီဝင်း၊ ဦးဂျင်မီ (GEWIN)-ဒေါ်နီနီဝင်း၊ ဦးနေဝင်း(Seagull Plastic)-ဒေါ်ကြူကြူသိန်း၊ ဦးထူးနိုင် (Seagull- Plastic)-ဒေါ်စန်းစန်းဝင်း၊ ဒေါ်စန္ဒာဝင်းတို့၏ မောင်၊ ဦးအောင်နိုင်ဝင်း-ဒေါ်တင်တင်ဝင်း(အထက-၆၊ဗိုလ်တထောင်)၊ ဦးအောင်ကျော်ဝင်းတို့၏ အစ်ကို၊ ဒေါ်ထားထားလင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်လောင်းစိုးသီဟမိုး(တတိယနှစ်-တပ်မတော်ဆေးတက္ကသိုလ်)၊မောင်ဝဏ္ဏအောင်တို့၏ ချစ်လှစွာသော ဖခင်သည် ၂-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်စိန်ဝင်း(၄၄)နှစ်
(ကန်တော်ကလေး)

ရန်ကုန်မြို့၊ အမှတ်(၁၂၄)၊ (၉၄)လမ်းနေ (ဦးမျိုးညွန့်)-ဒေါ်စောရီတို့၏ သား၊မမာမာဝင်း၊ မောင်ဇော်ဇော်ဝင်း၊ မောင်သိန်းဇော်ဝင်း၊ မချိုချိုဝင်း၊ မမေသူဝင်း၊ မောင်စည်သူဝင်း၊ မဝင်းအိန္ဒြာအောင်၊ မမေအိန္ဒြာကျော်၊ မသူဇာ၊ မောင်ပြည့်စိုး၊ မောင်ပြည့်အေး၊ မောင်ထက်ထက်နေဝင်း၊ မောင်ဖြိုးနေဝင်း၊ မကေဇင်ထူးနိုင်၊ မမေထူးနိုင်သော်၊ မဆုမြတ်ထူးနိုင်၊ မောင်ဒီပါထူးနိုင်၊ မောင်နန္ဒ၊ မစောရူပါတို့၏ ချစ်လှစွာသော ဦးလေး၊ မအေးငြိမ်း၊ မစုမြတ်နိုးရတနာတို့၏ အဘိုးလေးသည် ၂-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူ တူ၊တူမများ။

ဘုရား၊ရဟန်း၊ သိမ်၊ကျောင်းအမကြီး
ဒေါ်တင်(ခ)ဒေါ်ထူးတင်
အသက်(၇၈)နှစ်
(ဓာသပြင်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၈၈)နေ (ဦးလွန်းဖေ-ဒေါ်ဘီ)တို့၏သမီး၊ (ဦးဘိုးမှုံ)၏ဇနီး၊ ဦးဘလွင်၊ (ဦးကျော်ငြိမ်း)-ဒေါ်တင်မေ၊ ဦးအေးဟန်-ဒေါ်မြရှိန်၊ ဦးမောင်အောင်-(ဒေါ်စန်းငွေ)၊ ဒေါ်မြတ်မူတို့၏ အစ်မကြီး၊ ဦးကျော်ညွန့်-ဒေါ်တင်စန်းမြင့်တို့၏ မွေးသမိခင်၊ မောင်ဝင်းအောင်၊ မောင်ကျော်ဇင်ဦးတို့၏ မေမေကြီးသည် ၁-၂-၂၀၀၄ (တနင်္ဂနွေနေ့) ည ၉း၂၀နာရီတွင် ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ငြိမ်း
အသက်(၇၆)နှစ်
(တပ်ကြပ်ကြီး၊စက်၊ အငြိမ်းစား၊ တပ်မတော်-ရေ)

ဧရာဝတီတိုင်း၊မအူပင်မြို့နေ (ဦးထွန်းစိန်-ဒေါ်စောညွန့်)တို့၏သား၊ လမ်းသစ်လမ်း၊ဦးမြငါးဇင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ခင်ရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသိန်းအောင်-ဒေါ်ခင်ကြည်၊ (ဦးလှရှိန်-ဒေါ်ခင်သန်း)၊(ဦးငြိမ်းမောင်)-ဒေါ်မူတို့၏ညီ/ မောင်၊ ဦးကျော်မြင့်-ဒေါ်တိုးရီ၊ ဦးမြင့်စိန်-ဒေါ်တင်မြင့်၊ (ဦးညွန့်ရွှေ)၊ ဦးတင့်ဆွေ-ဒေါ်စိန်စိန်ညွန့်၊ ဦးကျော်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်နိုင် - ဒေါ်သန်းသန်းမြင့်၊ ဦးအောင်ကျော်မိုး-ဒေါ်ငြိမ်းငြိမ်း၊ ဦးမျိုးအောင်-ဒေါ်မိုးသီတာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးမှ ဆိပ်ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြသောင်း(၆၁)နှစ်
(စိန်ပေါလ်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ်(၁၉၅)၊ ပထမထပ်နေ (ဦးဘိုကေ-ဒေါ်သန်း)တို့၏ သား၊ ဒေါ်ခင်အုန်း၏ ခင်ပွန်း၊ ကိုအောင်ခိုင်စိုး၊ (ကိုသောင်းထိုက်စိုး)၊ ကိုအောင်ကျော်စိုး-မချိုသက်နွယ်၊ မနှင်းရူပါတို့၏ ဖခင်၊ မမေဇွန်မြတ်မိုး၏ အဘိုးသည် အမှတ်(၆၁)၊ ဩဘာလမ်းနေအိမ်တွင် ၂-၂-၂၀၀၄(တနင်္လာနေ့) နံနက်၆နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်မေရီ(ခ)နဂျီဘာဘီ
အသက် (၈၂)နှစ်
(ထားဝယ်)

ထားဝယ်မြို့နေ (ဦးဘိုးချစ်-ဒေါ်မြရှင်)တို့၏သမီး၊ (ဦးခင်မောင်ရင်-ဒေါ်မမကြီး)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မဈေးလမ်း၊ အမှတ်(၇၁)နေ (ဦးခင်မောင်အေး)၏ဇနီး၊ ဦးအောင်ဝင်း-ဒေါ်လှလှရီ၊ ဦးကျော်ဝင်း-ဒေါ်ရီရီအေး၊ ဦးမြင့်သန်း-ဒေါ်စီစီအေး၊ (ဦးသိန်းတန်)တို့၏ မိခင်၊ ကိုစိုးထိုက်ဦး-မအေးအေးမူ၊ ကိုကျော်မင်းထွန်း-မနှင်းမြတ်စိုး၊ မောင်အေးမင်းစိုး၊ မခင်နန်းစိုး၊ မောင်အောင်ကျော်စိုး၊ မောင်နိုင်လင်းစိုး၊မဆွိဇာကျော်၊မောင်ဟန်ဘိုဘိုကျော်၊ မဆုပြည့်ကျော်တို့၏ အဘွားသည်၂-၂-၂၀၀၄ (တနင်္လာနေ့) ည ၇း၀၅နာရီတွင် နေအိမ်၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃-၂-၂၀၀၄(အင်္ဂါနေ့) ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန္နီကာဘာရ်စတန်၌ ဒါဖနာမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ထွေး(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၁)၊ (၂)ရပ်ကွက်၊ (၇၁)လမ်းနေ (ဦးမြလွင်)-ဒေါ်သန်းသန်းဝင်း၊ ဦးသန်းထွေး (MPPE)-ဒေါ်စန်းရီ၊ (ဦးအောင်တိုး)-ဒေါ်ခင်စိန်ဝင်း၊ ဦးအုံးကြည်-ဒေါ်ချိုချိုနိုင်၊ ဦးသန့်ဇော်လှ(စည်ပင်/ရေသန့်)-ဒေါ်ပိုပိုနိုင်၊ ဦးသက်နိုင် (MPPE)-ဒေါ်ကြည်ကြည်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၂-၂၀၀၄(တနင်္လာနေ့) နံနက်၄နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြသီတာ(ခ)
Rosie Lee
အသက် (၅၂)နှစ်

(ဦးရောက်စု - ဒေါ်ဘီဟုန်)တို့၏ သမီး၊ မန္တလေးမြို့နေ ဦးထွန်းမြင့်-ဒေါ်သန်းသန်းနု၊ ရန်ကုန်မြို့၊ အလုံနေ ဦးထွန်းဆွေ-ဒေါ်စန်းစန်းရီတို့၏ ညီမ၊ ရန်ကုန်မြို့၊ ပန်းဆိုးတန်းနှင့် အနော်ရထာလမ်းထောင့်၊ အမှတ်(၁၂၂)နေ အောင်စကြာ ဆရာဦးရွှေသိန်း၏ ဇနီး၊ မောင်သီဟထွန်း(တ-နှစ်၊ဆေးတက္ကသိုလ်)၊ မလဲ့ဝင်းခိုင်-(ပ-နှစ်၊ဓာတုဗေဒ)၏ မိခင် ဒေါ်မြသီတာသည် ၂-၂-၂၀၀၄ရက် တွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်မြင့်(မန္တလေး)
အသက်(၇၆)နှစ်
ရဲမှူး(ငြိမ်း)

မန္တလေးမြို့၊ အမှတ်(၂၈၉)၊ (၂၉x၆၃)လမ်းထောင့်၊ အောင်တော်မူရပ်နေ (ဦးလူစ-ဒေါ်စောဦး)တို့၏ သား၊ (ဒေါ်လှချော)၏ မောင်၊ ဒေါ်ကြူကြူ (အငြိမ်းစားကထိက၊ အရှေ့တိုင်းပညာ၊မန္တလေး)၊ (ဦးတင်ဝင့်)၊ (ဦးတင်မောင်ထွေး-မြို့နယ်တရားရေးဦးစီးမှူး)-ဒေါ်ကြည်ကြည်၊ ဒုရဲမှူးဝင်းထိန် (ကျေးသီးမြို့နယ်မှူး)၊ ဒေါ်တင်မမ(ဒု-ကျောင်းအုပ်၊ လူမှုဝန်ထမ်းဦးစီး၊ မန္တလေး)တို့၏ အစ်ကိုကြီး၊ မောင်အောင်မျိုးထွေး(PIL၊စင်ကာပူ)-မအေးစန္ဒာသောင်း၊ မဝင်းသိင်္ဂီထွေး(စိတ်မှူး၊ အုတ်ကျင်းဂုန်နီ)တို့၏ ဘဘကြီး၊ မောင်ဝေယံဖြိုးအောင်၏ ဘိုးဘိုးကြီးသည် အထက်ပါနေအိမ်၌ ၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး
ဒေါ်နက်(၈၃)နှစ်
(ပန်းတနော်)

ပန်းတနော်မြို့၊ ဦးအောင်ဖေယျလမ်း၊ အမှတ်(၈၃)နေ (ဒေါ်ကြည်)၏ ညီမ၊ ဒေါ်ရင်မေ၊ဦးလှမြင့်-ဒေါ်လှကြီး၊ဒေါ်ဝင်းတင်၊ ဒေါ်ကျင်ရီ၊ ဦးသန်းထွန်း-ဒေါ်နုနု (ရန်ကုန်)၊ ဒေါ်လှတင်၊ ဒေါ်သန်းသန်းတို့၏အဒေါ်၊ ရန်ကုန်မြို့နေ ဒေါ်မြသန်း၊ (ဒေါ်မြသန်းနှင့်ညီမများမြတ်ပဋ္ဌာပါတိတ်ဆိုင်)တို့၏ အဒေါ်၊ ဦးချစ်ဆွေ- ဒေါ်လှမြိုင်၊ ဦးသန်းအေး-ဒေါ်စန်းရီ၊ ဦးသန်းလွင်-ဒေါ်အေးသိန်းတို့၏အဒေါ်သည် ၁-၂-၂၀၀၄ရက် နံနက်၉နာရီတွင် ပန်းတနော်မြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ပန်းတနော်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဦးဘိုကြီး(အမေဘို)
အသက်(၇၆)နှစ်
(သုံးဆယ်)

သုံးဆယ်မြို့နေ ဦးအုန်းဖေ-ဒေါ်စိန်ကြော့တို့၏ သား၊ ဦးမြသန်း၊ (ဒေါ်ခင်ညွန့်)၊(ဒေါ်ခင်စမ်း)၏မောင်၊ တူ၊ တူမ ၁၃ယောက်တို့၏ ဦးလေးသည် ၁-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် သုံးဆယ်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄(အင်္ဂါနေ့)တွင် သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးတင်ရွှေ(ငြိမ်း)
အသက်(၆၅)နှစ်
ဗိုလ်သင်တန်းအပတ်စဉ်(၃၁)

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ (ဦးထွန်းရင်-ဒေါ်အုံးမေ)တို့၏သားကြီး၊ အမှတ်(၃၁)၊ (၁၄၁)လမ်း၊ တာမွေမြို့နယ်နေ ဒေါ်လှလှ၏ ခင်ပွန်း၊ ဒေါ်တင်မေ၊ ဦးလှသောင်း၊ ဦးလှသိန်း၊ ဦးသန်းသန်း၊ ဦးလှမြင့်၊ ဦးတင်ထွေး၊ (ဒေါ်တင်စိန်)တို့၏ အစ်ကိုကြီး၊ ဒေါ်မိုးမိုးတင်(အာရှနေဘဏ်)၊ ဗိုလ်ကြီးတင်ရဲထွန်း(အိုး၊အိမ်)-ဒေါ်မွန်မွန်ဆွေ၊ ဗိုလ်မှူးရဲတိုက်(နတခ)-ဒေါ်နန်းဥမ္မာ၊ ဦးကောင်းမြတ်-ဒေါ်သီတာအေးမြစ်မိုတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၂-၂၀၀၄(တနင်္ဂနွေနေ့) ညနေ၅း၄၅နာရီတွင် ကွယ်လွန်ပါ၍ ၅-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့်၁၂နာရီ တွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးတရုတ်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုထွန်းမြင့်ထွန်း (၃၄)နှစ်
ရွှေပန်းထိမ်၊ (ပျော်ဘွယ်)

ပျော်ဘွယ်မြို့၊ မြို့မရပ်နေ ဦးချစ်လှိုင်-ဒေါ်သိန်းရင်(ရွှေပန်းထိမ်)တို့၏ သား၊ ဦးခင်မောင်ဦး-ဒေါ်တင်တင်အုံး၊ ဦးတင်စိုး-ဒေါ်မြင့်မြင့်သန်း၊ ဦးမြင့်ဌေး-ဒေါ်မြင့်မြင့်စန်း၊ ဦးကျော်သောင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးမြင့်လွင်-ဒေါ်ကြည်ကြည်ဝေ၊ ဦးမောင်တိုး-ဒေါ်သက်သက်လှိုင်၊ ဦးအောင်မင်းသူ - ဒေါ်မော်မော်လှိုင်၊ ဦးမြတ်မင်းစိုး - ဒေါ်တင်တင်ဌေးတို့၏ ညီ/မောင်၊ မနီလာမြင့်၏ ခင်ပွန်း၊ မောင်ဝေမင်းထွန်း၏ ဖခင်သည် ၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄ ရက်တွင် ပျော်ဘွယ်သုသာန်၌ သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒု-ဗိုလ်အေးမင်း (၂၃)နှစ်
တေဇ(၃၀)

ချောက်မြို့နေ ဦးကျော်မင်း-ဒေါ်မြင့်တို့၏ မြေး၊ ရန်ကုန်မြို့၊ အင်းစိန်ဖော့ကန်၊ (ဇ-၇၉)၊ ရဲဘော် (၃)လမ်းနေ ဦးသန်းဇော်-ဒေါ်လှလှဝင်းတို့၏ သား၊ ဦးကျော်လင်း-ဒေါ်မြတ်ကြည်၊ ဒေါ်အုန်းကြည်၊ ဒေါ်မြမြဝင်းတို့၏ တူဖြစ်သူ ဒု-ဗိုလ်အေးမင်းသည် ၂-၂-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁၂နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး အအေးတိုက်မှ မင်္ဂလာဒုံစစ်သချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း အမ
ဒေါ်အမာစိန် (၈၄)နှစ်
(ဒါးပိန်)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့နေ (ဦးမောင်မောင်-ဒေါ်မြညွန့်)တို့၏ သမီး၊ (ဦးကိုကိုကြီး)၏ ဇနီး၊ အမှတ်(၂၄)၊ (၁၅၃)လမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့နေ(ဦးကျင်-ဒေါ်ကြိုင်)တို့၏ ညီမ၊ ဦးကြည်၊ ဦးသိန်းအောင်-ဒေါ်မြင့်မြင့်ဌေး(MPPE)၊ ဦးမြင့်အောင်-ဒေါ်ဘေဘီတို့၏ မွေးသမိခင်၊ ဦးစိန်ဝင်း-ဒေါ်ခင်ဝင်း၊ ဦးမျိုးအောင်-(ဒေါ်လှမြင့်)၊ ဒေါ်တင်တင်အေး၊ ဒေါ်မြမြစိန် (MPPE)၊ ဒေါ်ဌေးဌေးဝင်း၊ ဦးမင်းဦး (National Co., Ltd)-ဒေါ်နုနုထွေးတို့၏ အဒေါ်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၄း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဒါးပိန်မြို့တောင်ပိုင်း သုသာန်တွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။

[၈-၂-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန်။]ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ကြူ (၇၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၁၇)နေ (ဦးဟုတ်ကြည်-ဒေါ်ချစ်)တို့၏ သမီး၊ (ဦးထွန်းဖေ)-ဒေါ်ခင်ခင်ကြူ၏ ညီမ၊ ဦးသန်းဦး (Chief Engineer)-ဒေါ်မူမူအေး၊ ဦးထွန်းမင်း (လ/ထ ညွှန်မှူး၊ ရသုံးဦးစီးဌာန) - ဒေါ်ညိုညိုထွန်း (ပေါင်းတည်မြို့နယ်၊ အခွန်ဦးစီးမှူး)၊ ဦးသိန်းဦး (2[nd] Mate Uniteam) - ဒေါ်သူဇာဝင်း၊ ဒေါက်တာသန်းချို (အရိုးအထူးကုဆရာဝန်ကြီး) - ဒေါက်တာဆွေဆွေထွန်းတို့၏အဒေါ်၊ မြေး၁ ၁ယောက်တို့၏အဘွားလေးသည်၁-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် မန္တလေးမြို့၊(၃၅)၊ (အေ)လမ်း၊ နဝရတ် ရိပ်သာ၊ (စီ-၁)နေအိမ်၌ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် မန္တလေးနေအိမ်မှ တောင်မြင့်သုသာန် သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းဝင်း (၅၉)နှစ်
မြန်မာ့လေကြောင်း

ရန်ကုန်မြို့၊ အမှတ်(၄၀၈-အေ)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးရီကြည်-ဒေါ်အေးရီ)တို့၏ သား၊ (ဦးဘိုကြီး-ဒေါ်တင်)တို့၏ သားသမက်၊ ဒေါ်ခင်သန်း (မြန်မာ့လေကြောင်း၊ငြိမ်း)၏ ခင်ပွန်း၊ မောင်ညီညီမိုး-မနန္ဒာဝင်း၊ မောင်ဇေယျာစည်သူဝင်းတို့၏ ဖခင်၊ မောင်စွမ်းပြည့်စုံအောင်၏ အဘိုးသည် ၂-၂-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အောက်ပုဇွန်တောင်နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဇော်မင်းအောင်(ခ)ကိုမဲကြီး
အသက် (၃၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကမ္ဘာအေး-ရေကူး ဘူတာရုံလမ်း၊ အမှတ်(၁၄/က)နေ ဒေါ်စိမ်းမြိုင်၏မြေး၊ ဦးကုလား-ဒေါ်တင်တင်ဝင်းတို့၏သား၊ ပဲခူးမြို့နေ ဦးအောင်သိန်း- ဒေါ်စောရွှေတို့၏ သားသမက်၊ ဦးစိန်ထွန်း-ဒေါ်အေးကြွယ်၊ ဦးအောင်လှ-ဒေါ်လှရီ၊ ဦးသန်းထွန်း-ဒေါ်ပို၊ ဦးဟန်ကြည်၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်နွယ်၊ ဦးကျော်သောင်း-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်မာအေး၊ ဦးသန်းဝင်း-ဒေါ်ခင်မာထွေးတို့၏ တူ၊ မောင်ထင်အောင်ကျော်-မအေးသီတာ(MRTV-3)၊ မနွယ်နွယ်ဝင်း(စိုက်/စီ)တို့၏ မောင်၊ မောင်ဇော်လင်းနိုင်၏အစ်ကို၊ မအေးအေးမော်၏ ခင်ပွန်း၊ မောင်ဇေယျာထက်၏ ဖခင်သည် ၂-၂-၂၀၀၄ (တနင်္လာနေ့) နံနက်တွင်အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
PU Thawng Za Cin Hau
(အငြိမ်းစားဗိုလ်ကြီး)စစ်မှုထမ်းဟောင်းအဖွဲ့ (Lo Phei)
အသက်(၈၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ် Lo Phei ရွာနေ (Pu Suang Thang)-Pi Ciang Havတို့၏ တတိယသား၊ Pu Suang Cin Thang-Pi Niang Dim တို့၏ သားသမက်၊ ကလေးမြို့၊ ပင်လုံ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း (ဗိုလ်သောင်းဂေဟာ)နေ Nu Cing Za Lian ၏ ချစ်လှစွာသော ခင်ပွန်း၊ Pa Thang Khan Cin-Nu Ngin Do Cing၊ (Pa Thang Cin Khai-Nu Lel Pial), Pa Thang Za Mung-Nu Myint Myint Khin, Pa Mang Kiim-Nu Hau Za Cing၊ Pa Nang Po Pau-Nu Dim Khan Pumတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုး PU Thawng Za Cin Hau သည် အထက်ပါနေအိမ်၌ ၂-၂-၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကလေးမြို့ ပင်လုံနှစ်ခြင်းခရစ်ယာန်သင်္ချိုင်းတွင် ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

သိမ်၊ ကျောင်း၊ ရဟန်း
ဒါယိကာမကြီး
ဒေါ်အေးဆင့်(ခ)ဒေါ်ဆင့်
အသက်(၆၀)
(ရင်ငြိမ်း၊ သထုံ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၅)နေ (ဦးသိန်းတင်)-ဒေါ်ထွန်း တို့၏ သမီး၊ (ဦးမောင်ဝင်-ဒေါ်ညို)တို့၏ သမီးချွေးမ၊ ဦးကျော်လွင် (ကြေးမုံသတင်းထောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်)၊ ရပ်ကွက်လုံးဆိုင်ရာ သဒ္ဓမ္မ ဇျုဟာဓမ္မာရုံဥက္ကဋ္ဌ)၏ ဇနီး၊ ဦးသန်းလွင်-မကြည်ကြည်လွင်၊ ဦးကိုကိုလွင်-မနန်းဝါဝါခင်၊ ဦးအောင်နိုင်လွင်-မအေးအေး၊ ဦးဝင်းနိုင်လွင်(ရေနံသယ်/ပို့၊MPE)၊ ကိုဇော်ထွန်း-မသီတာလွင်တို့၏ ကျေးဇူးရှင်မိခင်၊ မြေးခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၂-၂၀၀၄ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မဇင်ဌေးဦး(ခ)ပွန်ပွန်
B.A (Hist:)
အသက်(၃၆)နှစ်
(မော်လမြိုင်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ၊ မေတ္တာလမ်း၊ အမှတ်(၄/၇၀)နှင့် မော်လမြိုင်မြို့၊ မုပွန်ရပ်၊ အမှတ်(၂၂)၊ ဇီဇဝါလမ်းနေ ဦးသန်းညွန့်-ဒေါ်တင်မြတို့၏ သမီးကြီး၊ ဦးဇော်နိုင်ဦး၊ ဦးတင်မျိုးညွန့်(Pan West Co., Ltd)-ဒေါ်တင်သန်းထိုက်(Gold Power Co.,Ltd)ဦးဝင်းဇော်ဦး-ဒေါ်ထွေးထွေးလေးတို့၏ မမကြီး၊ ဘေဘီ(ခ) စင်သီယာကိုယ်၏ ကြီးကြီးသည် ၁-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက်တွင်ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄ရက် မွန်းလွဲ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကိုကိုကောင်း(၁၂)နှစ်
(ကောင်းမြတ်)
ဆဋ္ဌမတန်း(A)၊အလက(၄)သာကေတ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄၇၇/က)နေ ဦးမြင့်သိန်း(၂၆)၊ (ဒု-အကောက်ခွန်မှူး) - ဒေါ်ခင်မာချို (သာကေတမြို့နယ် အမျိုးသမီးရေးရာ)တို့၏ သားကြီး၊ ဦးစံညွန့်(ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ)-ဒေါ်တင်ရီ၊ (ဦးစိန်)-ဒေါ်ရီတို့၏ မြေး၊ (ဦးခင်မောင်ဝေ)-ဒေါ်လှလှဌေး၊ (မစန်းစန်းဌေး)၊ (မောင်သိန်းတိုး) - မအေးအေးသိန်း၊ မောင်ကျော်ဝင်းခိုင် - မတင်တင်ထွေး၊ မောင်ဇော်ဝင်းခိုင် - မခင်သက်မာညွန့်၊ မသဥ္ဇာအေး၊မသဥ္ဇာထွေး၊ မစိမ်းချိုအောင်တို့၏ တူ၊ မောင်တင်အောင်ကျော်၏ ညီ၊မောင်သော်ဇင်ထူး၊မောင်ဗိုဗိုကောင်း၊ မောင်အောင်ခန့်ကျော်၊ မောင်ဝိုင်းချစ်တို့၏အစ်ကိုသည်၁-၂-၂၀၀၄ (တနင်္ဂနွေနေ့) ည ၁၁း၄၃နာရီတွင် ကွယ်လွန်ပါ၍ ၅-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ခန်းမ(၂) ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစိန်(ခ) စိန်စိန်
အသက်(၈၃)နှစ်
(ကျုံတာရွာ)

ကျုံတာရွာနေ (ဦးစံမြ)၏ ဇနီး ရန်ကုန်မြို့၊ ဒဂုံတောင် (၂၅)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၆၀)နေ ဦးကျော်စိုး(ရုပ်ရှင်လုပ်ငန်း၊ဝဇီရာ၊ ငြိမ်း)-ဒေါ်ကြည်ဝင်း၊ ဦးမောင်ဝင်း(မလွကုန်း-ဒီဇယ်၊မမ)-ဒေါ်ခင်သိန်းဝင်း၊မကျင်ရွှေတို့၏ မိခင်၊ မမျိုးသီတာစိုး(ခ) မသီတာ-မောင်ဖြိုးသီဟန်၊ မောင်သိုက် ထွန်းဝေ၊ ဆုမွန်ဖြိုး၊ မောင်ကျော်ကျော်နိုင်၊ မကေ ခိုင်ဝင်း၊နှင်းဝေအောင်တို့၏အဘွား သည် ၁-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါ မည်။(နေအိမ်မှကားများမွန်းလွဲ ၁၂း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဗခက် (၆၇)နှစ်
(အရာခံဗိုလ်၊ ငြိမ်း)
အမှတ်(၁)၊ တပ်ထိန်း (လေ)

ပြင်ဦးလွင်မြို့နေ (ဦးသန်း)-ဒေါ်ညွန့်တို့၏ သားကြီး၊ (ဦးလောကြောင်-ဒေါ်ပေါက်မေ)တို့၏ သားသမက်၊ ဦးကိုကိုဦး-ဒေါ်သက်သက်ဟန်၊ ဗိုလ်ကြီးဇမင်းထိုက်(ငြိမ်း) - ဒေါ်နန်းပွန်၊ မောင်ဗမင်းထိုက်တို့၏ မွေးသဖခင်၊ မောင်ဝသန်ဦး၊ မခွာညိုစိမ့်၊ မောင်လင်းနောင် တို့၏အဘိုး၊ ရွှေပေါက်ကံမြို့သစ်၊ မင်းရဲသင်္ခရာလမ်း၊ သမိန်ထောလမ်းသွယ်၊ အမှတ်(၁၄/၆/၄၁၂)နေ ဒေါ်သန်းစိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၂-၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်း (၆၄)နှစ်
မီးရထားငွေစုငွေချေး(ငြိမ်း)

(ဦးဘလှိုင် - ဒေါ်သက်ရင်)တို့၏ သမီးကြီး၊ ဦးထွန်းအိ-ဒေါ်တုတ်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၃၈)၊ မြောင်းကြီးလမ်း၊ ရေကျော်ရပ်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကိုကိုကြီး)၏ ဇနီး၊ ကိုတင်မောင်သန့် (Max-အချိုရည်စက်ရုံ)၊ မနုနုထွေး (Adventure Myanmar Travel and Tours)တို့၏ မွေးသမိခင်သည် ၂-၂-၂၀၀၄ရက် မွန်းလွဲ၂း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်းကြည်(၅၆)နှစ်
B.A., B.Ed.
အလက(၃)ရန်ကင်း(ငြိမ်း)

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ကြက်ဖြူကန်ကျေးရွာနေ (ဦးမောင်မောင်ကြီး)-ဒေါ်ကြင်မြိုင်တို့၏သမီး၊ ဦးဝင်းအောင်-ဒေါ်ညို၊ ဦးဇော်ဝင်း (အငယ်တန်းသတင်းထောက်၊ ကြေးမုံသတင်းစာတိုက်)တို့၏အစ်မ၊ သန်းထိုက်စိုး၏ကြီးတော်သည် ၁-၂-၂၀၀၄ရက် ည ၁၁း၅၀နာရီတွင် ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကြက်ဖြူကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမင်းဦးမြင့် (ဖိုးထောင်)
အသက် (၄၅)နှစ်
3.E (F.G)
အထက(၄)ပုဇွန်တောင်ကျောင်းသားဟောင်း

ဦးကျော်မြင့်(စားထွေ၊အဖွဲ့ဝင်၊ငြိမ်း)-(ဒေါ်ခင်စန်းချစ်၊ဒု-ညွှန်မှူး၊ငြိမ်း၊လူမှုဝန်ထမ်း)တို့၏ သား၊ ဦးထွန်းမင်း (တရားရုံးချုပ်ရှေ့နေ) - ဒေါ်တင်အုံ (အထပြ၊ငြိမ်း)တို့၏ သားသမက်၊(ဒေါ်ဝေမာမြင့်-ဦးမောင်မောင်သန်း)တို့၏မောင်၊ ဦးမိုးမြင့်-ဒေါ်မာလာခင်တို့၏ အစ်ကို၊ ရှိန်း-ဆွေဇင်ထွန်း၊ ပွင့် (အထက-၅၊ မရမ်းကုန်း)တို့၏ဖခင်၊ ဒေါ်ကြူကြူထွန်း(S&P ကလေးစာပေ)၏ ခင်ပွန်းသည် ၂-၂-၂၀၀၄ရက်နံနက် ၀၀း၀၁ နာရီတွင် အမှတ်(၂၄၂)၊ အင်ကြင်းမြိုင်လမ်း၊ (၃၃) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်၌ ကွယ်လွန်ပါ၍ ၂-၂-၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး ပရိတ်တရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကွန္နက(ခ)ကိုကိုဦး
သက်တော်(၃၄)နှစ်
ဝါတော်(၃)ဝါ

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်၊ စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ အမှတ်(၉၀)၊ လေးလွှာ ခြေရင်းနေ၊ ဦးတင်ဝင်း-ဒေါ်ခင်မြင့်မြင့်တို့၏သား၊ မဆုး(ခ)မချိုချိုလတ်၊ မမွန်မွန်သီရိတို့၏ အစ်ကိုသည် ၁-၂-၂၀၀၄(တနင်္ဂနွေနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်ပါ၍ ၃-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အေး(မှော်ဘီ)
အသက်(၇၄)နှစ်

အမှတ် ၆၇၅၊ပုဂံလမ်း၊(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးစစ်ကူး-ဒေါ်အေးစိန်)တို့၏ သမီး၊ ဦးစံရှင်း (RTC-ငြိမ်း)၏ ဇနီး၊ ကိုကြင်-မခွဲ့နွဲ့၊ မစန်းစန်းသိန်း(မတူး)၊ မကြူကြူသိန်း (မပိုး)(နိုနိုအလှပြင်ခန်း)၊ မအေးအေးရှင် (အမက-၃၊တ/ဥ)-(ကိုဝင်းနိုင်)၊ ကိုဝင်းမင်း(ရွှေလှျပ်စစ်) - မသိန်းသိန်းဥ (စည်ပင်၊တ/ဥ)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မမျိုးသဥ္ဇာအောင်(နိုနို)၊ မောင်လင်းကိုကိုနိုင်၊မောင်မြတ်ညီညီဇော်၊ မဆုမြတ်ဝင်းမင်း၊ မမြင့်မြတ်ဝင်းမင်း၊ မောင်ကောင်းခန့်ဇော်တို့၏အဘွားသည် ၂-၂-၂၀၀၄(တနင်္လာနေ့)နံနက် ၉း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်း
ဒါယကာကြီး
ဦးအောင်စိုး (မိုးကုတ်ယောဂီ)
အသက်(၇၀)

(ဦးမှတ်-ဒေါ်သိန်းတင်)တို့၏ သားလတ်၊ (ဦးခင်မောင်ဆက်-ဒေါ်ဝန်)တို့၏ သားသမက်၊ အမှတ်(၁၃၇)၊ မြင်တော်သာလမ်း၊ (၆)အနောက်ရပ်ကွက်၊ သာကေတမြို့နေ ဒေါ်ခင်ခင်ဦး၏ ခင်ပွန်း၊ (ဦးတင်ဦး)-ဒေါ်တင်တင်အောင်တို့၏မောင်၊ ဦးအုန်းခင်-ဒေါ်အေးအေးတို့၏ အစ်ကို၊ ဦးညီညီပေါက်-ဒေါ်နုနုအောင်၊ ဦးတင်မောင်ဇော်-ဒေါ်ဥမ္မာ၊ ဦးမျိုးသိုက်ထွန်း-ဒေါ်အေးအေးမူ တို့၏ ဖခင်၊ မောင်ဇာရဲမာန်၊မောင်စိုးမင်းထွန်း-မစောသန္တာ၊ မဟေမာန်ဇော်၊မောင်စစ်နိုင်၊ မောင်ပိုင်ခန့် တို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂-၂-၂၀၀၄ရက်နံနက် ၅း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၂-၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်(၆၉)နှစ်
(ညောင်ရွာ)
ကုန်သွယ်ရေး-၁၂(အငြိမ်းစား)

ရန်ကုန်တိုင်း၊ညောင်ရွာနေ (ဦးသိန်းဖေ-ဒေါ်ဖွားရင်)တို့၏ သားထွေး၊ (ဦးသန်းရှိန်-ဒေါ်အုန်းရွှေ)၊(ဦးသန်းရွှေ-ဒေါ်ထွေးလှ)၊ (ဦးမြ)-ဒေါ်သောင်း၊ (ဦးလှ)-ဒေါ်စောရီတို့၏ ညီ၊ အမှတ် (၃၇-က)၊သပြေလမ်း ၊ဝေ/မြောက်၊ စမ်းချောင်းမြို့နယ်နေ ဒေါ်အမာခင်၏ခင်ပွန်း၊ မမိုမိုအောင်၊ မခင်မိုးလွင်၊ (စက်မှု-၁ စားကုန်ဖွံ့ဖြိုး)၊ ကိုခင်ဇော်-မစုစုလှိုင်(ဇော်မြန်မာသားရေအိတ်ချုပ်လုပ်ငန်း)၊ မအိအိခိုင်(အိအိအောင်ဆေးဆိုင် ကြည့်/ညဈေး)၊ မောင်အောင်အောင်-မငွေဇာခိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂-၂-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင် စမ်းချောင်းနေအိမ်၌ကွယ်လွန်ပါသဖြင့် ၄-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်းဓမ္မကုန်းတော် သာသနိကအဆောက်အအုံ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဂန္ဓကုဋိကျောင်းတော်ကြီးအတွင်းတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးနှင့် မင်းဓမ္မကုန်းတော်ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းဓမ္မကုန်းတော်ရှိ သာသနိကအဆောက်အအုံများ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ မင်းဓမ္မကုန်းတော်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ သာသနိကအဆောက်အအုံများ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ငါးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ သဇင်ရေကျော် ငါးမွေးမြူရေးစခန်း၊ မအူပင်မြို့နယ် မီးသွေးချောင်းကွင်း၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဧက ၁၀၀၀ ငါးမွေးမြူရေးကန် တည်ဆောက်ရေးစီမံကိန်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ညောင်တုန်းကျွန်းရေနက်ကွင်း လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** *

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မအူပင်မြို့နယ် မီးသွေးချောင်းကွင်း၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဧက ၁၀၀၀ ငါးမွေးမြူရေးကန် တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို

သတင်း၊ဆောင်းပါးအညွှန်း

"ယနေ့ကာလကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်များရင့်ကျက်ခိုင်မာလာချိန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်ချိန်တွင် ထပ်မံသွေးထိုးသပ်လျှို ဖြိုခွဲလာမည့် ကိုလိုနီနယ်ချဲ့လက်သစ်များ၏ လုပ်ရပ်ကို မမိုတ်သောမျက်စိ၊ မပြတ်သော သတိဖြင့် တွန်းလှန်ဖယ်ရှားကြရမည်မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုက်ပါသည်"

ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမှသည် ငြိမ်းချမ်းရေးဆီသို့"**ကို စာမျက်နှာ (၈)နှင့် (၉)တို့တွင် ဖော်ပြထားပြီး **"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"**ကို စာမျက်နှာ(၇)တွင် ဖော်ပြထားပါသည်။

(ကြေးမုံ)

ပဲခူးတိုင်းနှင့် မကွေးတိုင်း အချိန်တိုတို ခရီးနီးနီးဖြင့် ဆက်သွယ်နိုင်ပြီ ဇဗ်မိုင် ၃ဖာလုံရှိ သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် ပဲခူးတိုင်း(အရှေ့ပိုင်း) ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ ပဲခူးရိုးမတောင်ကြောကို ဖြတ်ကျော်၍ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ခရီးမိုင် ဇဗ်မိုင် ၃ဖာလုံရှိ သာဂရ–ကိုးပင် ရိုးမဖြတ်ကျော်လမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈နာရီတွင် ရေတာရှည်မြို့နယ် သာဂရကျေးရွာ ဖိုးကျားတောင်ခြေစခန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

လမ်းဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ●

ဧရာဝတီနှင့် ကရင် အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ (ကက) အုပ်စု နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ကျင်းပရာ ကရင်ပြည်နယ်အသင်း အနိုင်ရပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနှင့် ပဲခူးတိုင်း အသင်းတို့ သရေကျသွားသည်။

စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ■